# ကြေးမုံ

## The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌**

**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့။ Friday, 31 May 2024 ၁၁၄၇၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# ပြင်ဦးလွင်မြို့ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသ၏ ရှိရင်းစွဲဂုဏ်ဒြပ်များကို ပိုမိုတိုးတက်စေမည်

## ခရီးသွားမြို့တော်၊ အပန်းဖြေမြို့တော်အပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးမြို့တော်အဖြစ်လည်း အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် မေ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**


**ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများအား ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုရန် အသိပေးကြေညာ** စာမျက်နှာ » ၉

**သက်တမ်းရင့်ရေနံမြေများတွင် အထွက်တိုးစေရန်အတွက် ပေနက်တွင်းများ အောင်မြင်စွာတူးဖော်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ** စာမျက်နှာ » ၁၀

**ဂျပန်အစိုးရက ဆိုလာဆဲလ်မျိုးဆက်သစ်တစ်မျိုး နိုင်ငံအတွင်း စတင်အသုံးပြုရန် ရည်မှန်း** စာမျက်နှာ » ၁၃

ကြေးမုံ

# စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ အားပေးမြှင့်တင်

မြန်မာနိုင်ငံတွင် စက်မှုဇုန်နှင့်ပတ်သက်သည့် ဥပဒေကို ၂၀၂၀ ပြည့်နှစ် မေလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နည်းဥပဒေများကို ၂၀၂၄ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကိုဖွဲ့စည်းပြီး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယနေ့အချိန်အထိ ပင်မစက်မှုဇုန် ၂၈ ဇုန်နှင့် ဇုန်ခွဲများအပါအဝင် စက်မှုဇုန် ၅၃ ဇုန် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တည်ထောင်ဆဲ စက်မှုဇုန်စီမံကိန်း နှစ်ခုရှိပြီး စက်မှုရပ်ကွက် ငါးခု ရှိသည်ဟု သိရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုဇုန်များ အောင်မြင်ဖြစ်ထွန်းရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ တည်ထောင်ပြီး စက်မှုဇုန်များကို အဆင့်မြှင့်တင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေနှင့် မကိုက်ညီသည့်အချက်များကို ပြန်လည်ပြင်ဆင် တည့်မတ်ထိန်းကျောင်းပေးလျက်ရှိသည်။

စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေနှင့်အညီ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန်နှင့် စက်မှုဇုန်များကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဘောင်များနှင့်အညီ စနစ်တကျစီမံထူထောင်၍ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ပြုလုပ်သော စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၄) တွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်တွင် "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး" ဦးတည်ချက်ကို ချမှတ်ထားရာ အဆိုပါဦးတည်ချက်နှင့်အညီ စက်မှုဇုန်အလိုက်နှင့် တိုးချဲ့မည့်စက်မှုဇုန်များအလိုက် ပို့ကုန်တိုးမြှင့် ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်နိုင်မည့် အခွင့်အရေးများရှိနေသည်။ နိုင်ငံတော်က စက်မှုဇုန်များကို အားပေးမြှင့်တင်ပေးနေသလို စက်မှုဇုန်များအလိုက်လည်း အမျိုးအစားတူသည့်လုပ်ငန်းများတွင် ခွင့်ပြုထားသည့်လုပ်ငန်းများအလိုက် စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များအဖြစ် အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုအပ်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့ကပြုလုပ်သည့် ဆီထွက်သီးနှံ၊ စက်မှုသီးနှံနှင့် နို့ထွက်ပစ္စည်းတိုးချဲ့ထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "နှစ်စဉ် ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရသဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် ဝါမှထွက်ရှိလာသော ချည်များကို တန်ဖိုးမြှင့်ချည်ထည်များအထိ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် တန်ဖိုးမြှင့်ချည်ထည်များ ထုတ်လုပ်ရေးစီမံဆောင်ရွက်ရန်၊ ပြည်တွင်း၌ နို့ထွက်ပစ္စည်းများဖူလုံအောင် ထုတ်လုပ်နိုင်ရေးနှင့် နို့ချက်စက်ရုံများ တည်ဆောက်နိုင်ရေးဆောင်ရွက်ရန်" လမ်းညွှန်မှာကြားထားသည်။

မြန်မာပြည်အလယ်ပိုင်းဒေသများသည် ဆီနှင့် ဆီထွက်သီးနှံများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဝါနှင့် ဝါထွက်ပစ္စည်းများ ထွက်ရှိသည့်ဒေသများဖြစ်သည်။ မြန်မာပြည်အလယ်ပိုင်းဒေသများတွင် အငယ်စားစက်မှုဇုန်များ တည်ထောင်ဖွင့်လှစ်လုပ်ကိုင်မည်ဆိုပါက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အငယ်စားစက်မှုဇုန်များအနေဖြင့် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် ဝါတို့ကိုအခြေခံသော တန်ဖိုးမြှင့် ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများကို အဓိကအင်အားစုအဖြစ်စုဖွဲ့ကာ တည်ထောင်ဖွင့်လှစ်လုပ်ကိုင် ဆောင်ရွက်သွားရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များရှိသည့်အနက် အောင်မြင်နေသော စက်မှုဇုန်များကို နမူနာယူ၍ ဒေသအလိုက်ထွက်ကုန်များကိုအခြေခံသည့် အမျိုးအစားတူ စက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်ကြရန်လိုသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စနစ်တကျလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွက်လိုအပ်သည့် ကုန်ထုတ်လုပ်ငန်းများကို အရည်အသွေးမီ အပြည့်အဝထုတ်လုပ်နိုင်ရန်အတွက် နည်းပညာနှင့်အရင်းအနှီးအင်အားကြီးမားသဖြင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ လိုအပ်ချက်များကို နိုင်ငံတော်အစိုးရက တစ်ဖက်တစ်လမ်းမှ တတ်နိုင်သည့်ဘက်က ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အားပေးမြှင့်တင်ပြီး ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြကာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## အသိပေးနှိုးဆော်ချက်

၁.၆.၂၀၂၄ ရက်နေ့ ဝ၆:၃၀ အချိန်တွင် ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်၌ သံဃာတော် (၅၅၅၅)ပါးအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အနောက်ရွှေဂုံတိုင်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ရွှေဂုံလမ်းဆုံရာမှလည်းကောင်း၊ အာဇာနည်လမ်းအား ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှ အနောက်ရွှေဂုံတိုင်လမ်းနှင့်ဆုံရာ ဦးဝိစာရလမ်းထိလည်းကောင်း၊ ဦးထောင်ဘိုလမ်းအား ဦးထောင်ဘိုအဝိုင်းမှ ဦးဝိစာရအဝိုင်းထိလည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းအား ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှ ပန်တျာလမ်းထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-အာဇာနည်လမ်းဆုံရာထိလည်းကောင်း အခမ်းအနားမကျင်းပမီ ဝ၄:ဝဝ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကဝမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**ကဝ မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီက ကဝမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ဆောင်ရွက်သည်။

ဦးစွာ ကဝမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးမင်းနိုင်က ချေးငွေထုတ်တောင်သူများ သိရှိလိုက်နာရမည့် ဘဏ်ချေးငွေဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို အကျေအလည်ပေးဆပ်ပြီးဖြစ်သည့် ဘုမ္မစိုးကျေးရွာအုပ်စုမှ တောင်သူ ၁၃၄ ဦးအတွက် လယ်မြေ တစ်ဧကလျှင် ကျပ် ၁၅ဝဝဝဝ နှုန်းဖြင့် လယ်မြေ ၉၅၅ ဧကအတွက် စုစုပေါင်းငွေကျပ် ၁၄၃၂၅ဝဝဝဝဝ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်သောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မေ ၂၀**

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မှော်ဘီမြို့နယ် ဝါးပတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စာရင်းဇယားများ စနစ်တကျထိန်းသိမ်းထားရှိမှုရှိ၊ မရှိတို့ကို မေ ၂၀ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။

**ထုတ်ချေးထား**

အဆိုပါကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃ဝဝ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါအသင်းသူ၊ အသင်းသား ၁၇၆ ဦးတို့အား မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၄၂၂ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် သတ္တမအကြိမ်မြောက် ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများကို လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကိုဇင်(ပြန်/ဆက်)**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် မေ ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 3 EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Qingdao CRRC Sifang Rolling Stock Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၉,၀၀၀ | ၃,၃၉၃ | ၃၀,၄၀၄,၅၀၀ |
| MTSH | ၃,၀၀၀ | ၃,၁၀၀ | ၁၅,၆၆၇ | ၄၇,၃၁၉,၂၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၆၄ | ၁,၃၂၈,၄၀၀ |
| FPB | ၁,၆၀၀ | ၁,၇၀၀ | ၁,၅၅၇ | ၂,၅၂၀,၁၀၀ |
| TMH | ၂,၆၅၀ | ၂,၇၀၀ | ၇၆ | ၂၀၁,၆၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၃,၀၀၇ | ၅,၁၂၅,၇၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၀ | ၉၄,၀၀၀ |
| MAEX | ၂,၃၅၀ | ၂,၃၅၀ | ၇၃၇ | ၁,၇၃၁,၉၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံ၍ ပြင်ဦးလွင်မြို့ သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားစဉ်။

❖ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးရမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန်လို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့သည် ခေတ်ကာလများစွာကတည်းက တည်ရှိခဲ့သည့်မြို့ဖြစ်ပြီး သမိုင်းဝင်အဆောက်အအုံများစွာလည်းရှိကြောင်း၊ ပြင်ဦးလွင်မြို့ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ပန်းမြို့တော်၊ တောင်လှေကားမြို့တော် စသည်ဖြင့် တင်စားခေါ်ဝေါ်ကြသဖြင့် အဆိုပါအင်္ဂါရပ်များနှင့်ကိုက်ညီရန် လိုကြောင်း၊ ပြင်ဦးလွင်မြို့သို့ ပြည်တွင်းပြည်ပခရီးသွားများ စဉ်ဆက်မပြတ်လာရောက်လည်ပတ်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့ချိန်တွင် လာရောက်မှုနည်းပါးခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ပြည်တွင်းခရီးသွားများ ပြန်လည်များပြားလာကြောင်း၊ အပန်းဖြေလာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် သာယာလှပသည့်မြို့၏အလှအပကို ခံစားလည်ပတ်နိုင်ရန် လိုကြောင်း၊ ယခင်ကပြင်ဦးလွင်မြို့သည် အေးမြသည့်မြို့တစ်ခု ဖြစ်ခဲ့သော်လည်း ယခုအခါသဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများကြောင့် ရာသီဥတုပြောင်းလဲလာပြီး အပူချိန်မြင့်တက်လာသည်ကို တွေ့ရကြောင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာခြင်းမှာ လူများ၏လုပ်ဆောင်မှုများကြောင့်လည်းပါဝင်ပြီး လူများကြောင့်ဖြစ်လာသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးဆုံးရှုံးရမှုများကို လူများကပင် ပြန်လည်ပြုပြင်ရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။

ယခင်က အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ရေကန်များ၌ သစ်ပင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ရေအရင်းအမြစ်များ အားနည်းလာခြင်း၊ သဘာဝရေထွက်များမှ ရေထွက်ရှိမှုမရှိခြင်း၊ ဒေသတွင်း အပူချိန်နှုန်းထားမြင့်မားလာခြင်း၊ ရေဝင်ပေါက်များမှ ရေဝင်ရောက်မှု အားနည်းခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိရေကန်များတွင် ရေခန်းခြောက်မှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရေဝင်ပေါက်များ၊ စိမ့်စမ်းနေရာများ၊ မြေအောက်ရေနုတ်မြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ၊ ရေလမ်းကြောင်း ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့မှုကြောင့် ရေဝင်ပေါက်များမှ ရေများပြန်လည်စီးဝင်လာခဲ့ပြီး ယခုအခါ ကန်တော်ကြီးအတွင်း ရေများလုံလောက်စွာ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းမှာ လူများကပင် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်ဒေသ ပြန်လည်စိမ်းလန်းသာယာရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးသွားသည့် သစ်ပင်သစ်တောများကိုလည်း ပြန်လည်စိုက်ပျိုးသွားရန်လိုပြီး ဒေသနှင့်ကိုက်ညီသည့် သစ်ပင်သစ်တောများ ပြန်လည် စိုက်ပျိုးထိန်းသိမ်းသွားမှသာလျှင် ရာသီဥတုများကောင်းမွန်လာမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ရှိ လူနေရပ်ကွက်များတွင်လည်း ရှိသင့်ရှိထိုက်သည့် သစ်ပင်များ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးနိုင်ရေး တိုက်တွန်းနှိုးဆော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် သဘာဝကိုထိန်းသိမ်းနိုင်သဖြင့် ပြင်ဦးလွင်ဒေသတွင် သစ်ပင်စိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## မြေအသုံးချမှုနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်ရန်လို

မြေယာဥပဒေအရ စိုက်ပျိုးရန်ခွင့်ပြုထားသည့် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးပြုခြင်းများကိုလည်း စည်းမျဉ်းစည်းကမ်းများနှင့် အညီ ကြပ်မတ်ထိန်းသိမ်းနေရန် လိုကြောင်း၊ လယ်ယာစိုက်ပျိုးမြေများနှင့် ပတ်သက်၍ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ကျော်လွန်ဆောင်ရွက်ခြင်းမရှိစေရေး တာဝန်ရှိသူများအနေဖြင့် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စီမံခန့်ခွဲမှုအားနည်းချက်များ ရှိခဲ့ခြင်းကြောင့် သစ်ပင်သစ်တောများပြုန်းတီးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ရှိခဲ့ခြင်းဖြစ်ကြောင်း၊ လျော့ပါးသွားသည့်သစ်ပင်များ ပြန်လည်စိုက်ပျိုးသွားရန်လိုပြီး ပြင်ဦးလွင်မြို့တွင်သာမဟုတ်ဘဲ ဒေသတွင်းရှိ အခြားမြို့များတွင်လည်း သစ်ပင်များ စိုက်ပျိုးစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ သစ်ပင်သစ်တောများ ပြန်လည်ကောင်းမွန်လာပြီး ရာသီဥတုများ ကောင်းမွန်လာမည်ဆိုပါက မြစ်များ၊ ချောင်းများအတွင်း ရေများပုံမှန်အတိုင်း စီးဆင်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ မြစ်ချောင်းများအတွင်း ရေများပုံမှန်အတိုင်း ဝင်ရောက်လာမည်ဆိုပါက စိုက်ပျိုးရေများလုံလောက်စွာ ရရှိမည်ဖြစ်သကဲ့သို့ ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ❖

☆ **ယခင်က အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ရေကန်များ၌ သစ်ပင်သစ်တောများပြုန်းတီးခြင်းကြောင့် ရေအရင်းအမြစ်များ အားနည်းလာခြင်း၊ သဘာဝရေထွက်များမှ ရေထွက်ရှိမှုမရှိခြင်း၊ ဒေသတွင်း အပူချိန်နှုန်းထားမြင့်မားလာခြင်း၊ ရေဝင်ပေါက်များမှ ရေဝင်ရောက်မှုအားနည်းခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိရေကန်များတွင် ရေခန်းခြောက်မှုများ ကြုံတွေ့ခဲ့ရ**


❖ စာမျက်နှာ ၃ မှ

### ကော်ဖီစိုက်ပျိုးမှုမြှင့်တင်နိုင်ရေး

ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ ကော်ဖီစီမံကိန်းသည် လွန်ခဲ့သည့် နှစ် ၂၀ ကျော်က စတင်ခဲ့သည့် နိုင်ငံတော်စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ကော်ဖီစိုက်ပျိုးရန်အတွက် ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေများအသုံးချမှုကို စည်းကမ်းနှင့်အညီ ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကော်ဖီများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်အတွက်လည်း တာဝန်ရှိသူများအနေဖြင့် လိုအပ်သည်များကို ကြပ်မတ် ဆောင်ရွက်ပေးနေရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးရန်ခွင့်ပြုထားသည့် မြေများတွင် လူနေအိမ်များ ဆောက်လုပ်ခြင်းသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်စေကြောင်း၊ စီမံကိန်းနေရာများတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ကော်ဖီစိုက်ပျိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း မရှိသဖြင့် အချို့ကော်ဖီစိုက်ပျိုးခြံများကို အရေးယူဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည် အရည်အသွေးကောင်းမွန်သည့် ကော်ဖီများဖြစ်သဖြင့် နိုင်ငံ၏ထုတ်ကုန်တစ်ခုအဖြစ် စီးပွားဖြစ်ထုတ်လုပ်သွားနိုင်ရန်လိုပြီး အရည်အသွေးကောင်းမွန်သည့် ကော်ဖီကုန်ကြမ်းများ အရေအတွက်များများထွက်ရှိစေရေး စိုက်ဧကအလိုက် အပြည့်အဝစိုက်ပျိုး၍ ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ ကော်ဖီထွက်ကုန်များကို ကုန်ကြမ်းအဖြစ်ရောင်းချခြင်းထက် ကုန်ချောအဖြစ် ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက စီးပွားရေးအတွက်များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

### ပြင်ဦးလွင်မြို့၏ ပညာရေးကောင်းမွန်ရေး၊ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး

ပြင်ဦးလွင်မြို့သည် လေကောင်းလေသန့်ရရှိပြီး နှစ်လိုဖွယ် ရာသီဥတုရှိပြီးဖြစ်သည့်အတွက် ခရီးသွားမြို့တော်၊ အပန်းဖြေမြို့တော်အပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးမြို့တော်အသွင်အဖြစ်လည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အစဉ်အလာကောင်းရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုသာယာ၍ အေးချမ်းစွာ ပညာ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

သင်ကြားနိုင်ရေးကို အထောက်အကူဖြစ်စေ၍ ပညာရေးကို အားပေးမြှင့်တင် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်ရာတွင် စည်းကမ်းနှင့်အညီ ဖြစ်ရန်လိုကြောင်း၊ ပုဂ္ဂလိကကျောင်းများအနေဖြင့် အောင်ချက်ကောင်းရုံသာ ဦးတည်ဆောင်ရွက်ခြင်းမျိုးမပြုလုပ်ဘဲ ကျောင်းသား ကျောင်းသူများအား အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးသည့်ကျောင်းများ ဖြစ်စေလိုကြောင်း။

ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးကို ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်ဦးချင်း၊ တစ်အိမ်ချင်း သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ဖြစ်စေရန် ဆောင်ရွက်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာ ရုံး၊ ဌာနအလိုက် လမ်း၊ တံတား၊ အဆောက်အအုံများကို စနစ်တကျ ထိန်းသိမ်းခြင်းဖြင့် မြို့သာယာလှပမှုကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မြို့တွင်း ရေစီးရေလာများ ကောင်းမွန်စေရေးအတွက်လည်း အမှိုက်များကင်းစင်အောင် ဆောင်ရွက်သကဲ့သို့ မြို့သာယာလှပရေးအတွက် မည်ကဲ့သို့ ကောင်းမွန်အောင် ဆောင်ရွက်မည်ကို Engineering Philosophy အရ ကြိုတင်စဉ်းစားတွေးခေါ် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တစ်ဝန်းလုံး စိမ်းလန်းစိုပြည်ရေးအတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခင်နှစ်များ၌ မိုးသည်းထန်စွာရွာသွန်းစဉ် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ရန်ကုန်မြို့ရှိ မြို့နယ်အချို့နှင့် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့သို့ ကိုယ်တိုင်သွားရောက်၍ လိုအပ်သည့် လမ်းညွှန်မှုများဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် ရေကြီးရေလျှံမှုများ လျော့နည်းလာသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြင်ဦးလွင်မြို့သာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် ပြင်ဦးလွင်မြို့၏ မူလပန်းမျိုးများကို ပြန်လည်ထိန်းသိမ်း စိုက်ပျိုးသွားရန်လိုပြီး ပန်းမြို့တော်ဟူသောအမည်နှင့် ကိုက်ညီအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လူနေရပ်ကွက်များ၊ လူနေခြံများတွင်လည်း ဒေသနှင့်ကိုက်ညီသည့် ပန်းများ စိုက်ပျိုးကြရေး တိုက်တွန်းနှိုးဆော်သွားရန်လိုကြောင်း၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ တောင်လှေကားမြို့တော်ဟူသည့် သဘာဝအရပေးထားသည့် နာမည်များနှင့်ကိုက်ညီအောင် မူလအခြေအနေအတိုင်း ကိုက်ညီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြင်ဦးလွင်တွင် နေထိုင်ကြသူများအနေဖြင့် မိမိတို့နေထိုင်သည့်မြို့သာယာလှပရေးအတွက် အသိဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့တွင် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုများ တိုးတက်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရသည့် နို့ဆီ၊ နို့စိမ်းများစွာ လျော့ကျသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလိုအပ်သည်များ ကူညီပေးမည်ဖြစ်သကဲ့သို့ မိမိတို့အစီအစဉ်ဖြင့် ဆောင်ရွက်၍ရသည်များကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ နို့ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် နာမည်ပေါင်းများစွာ၊ ဂုဏ်ဒြပ်များရှိသည့် မြို့တစ်မြို့ဖြစ်ပြီး မိမိတို့အနေဖြင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြင်ဦးလွင်မြို့၏ ဂုဏ်ဒြပ်သည် ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

### ပြင်ဦးလွင်ဒေသအတွင်း ကော်ဖီစိုက်ပျိုးမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများအား အသီးသီး ရှင်းလင်းတင်ပြ

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းဧရိယာအတွင်း စည်းကမ်းလိုက်နာမှုမရှိသည့် ကော်ဖီခြံများအား ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ထားရှိမှု၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင် ကော်ဖီစီမံကိန်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှုနှင့် ကော်ဖီပျိုးပင်များ ဖြန့်ဖြူးပေးနိုင်မှုများကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ကော်ဖီစီမံကိန်းဧရိယာအတွင်း စည်းကမ်းလိုက်နာမှုမရှိသည့် ကော်ဖီခြံများအား ဥပဒေနှင့်အညီဆောင်ရွက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမှု အခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြင်ဦးလွင်မြို့ကို ကျန်းမာရေးမြို့တော် ဖြစ်စေရေး အဆောက်အအုံများ ဆောက်လုပ်နိုင်ရန်အတွက် မြေနေရာများလျာထား ရွေးချယ်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်ခရိုင်ဆိုင်ရာ အချက်အလက်များနှင့် ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ကျောင်းအပ်နှံမှုနှင့် ယခင်ပညာသင်နှစ်တွင် ကျောင်းတက်ရောက်ခဲ့မှုအခြေအနေများ၊ ပြင်ဦးလွင်မြို့အား မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ပြတည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်ထားရှိမှုနှင့် ကုန်ထုတ်လမ်းဆောင်ရွက်ထားရှိမှု၊ ပြင်ဦးလွင်မြို့အတွင်း ဂဲလောင်းချောင်း တည်ရှိမှုနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန်ဦးကျော်ဆန်းက ပြင်ဦးလွင်မြို့ စိမ်းလန်းသာယာလှပရေးနှင့် သန့်ရှင်းမှုရှိစေရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ကော်ဖီသည် စီးပွားရေးအရ တွက်ခြေကိုက်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ကော်ဖီကို အဓိကစိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချသည့် နိုင်ငံများလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို နိုင်ငံတော်၏ ပို့ကုန်တစ်ခုအနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးမှုများကို စည်းကမ်းနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆေးရုံတည်ဆောက်ရေးအတွက် မြေနေရာရွေးချယ်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် ရေ၊ မီးများရရှိရေး၊ အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရန် အလှမ်းမီသည့်နေရာဖြစ်စေရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သည့်နေရာဖြစ်စေရေးတို့ကို အခြေခံ၍ ရွေးချယ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စည်ပင်သာယာရေး တာဝန်ရှိသူများအနေဖြင့် လမ်းများစနစ်တကျဖြစ်စေရန်နှင့် လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုပြီး လမ်းအင်္ဂါရပ်များနှင့် ကိုက်ညီအောင်ဖောက်လုပ်ရန်လိုကြောင်း၊ လမ်းဘေးဝဲယာတွင် ဒေသသာယာလှပရေးနှင့် ကိုက်ညီသည့် ပန်းအလှပင်များ၊ သစ်ပင်များစိုက်ပျိုးရန်လိုကြောင်း၊ ရေရရှိရေးနှင့် ရပ်ကွက်အလိုက် သာယာလှပရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ယခုကဲ့သို့တွေ့ဆုံရခြင်းသည် ပြင်ဦးလွင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်သွားရမည်ကို ဆွေးနွေးခြင်းပင်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးအတွက် တတ်နိုင်သည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်ကြရန်လိုပြီး မိမိတို့မြို့၊ မိမိတို့ဒေသအဖြစ်ခံယူ၍ ဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စာမျက်နှာ ၆ သို့ ❖

- ❖ **ပြင်ဦးလွင်မြို့သည် လေကောင်းလေသန့်ရရှိပြီး နှစ်လိုဖွယ် ရာသီဥတုရှိပြီးဖြစ်သည့်အတွက် ခရီးသွားမြို့တော်၊ အပန်းဖြေမြို့တော်အပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးမြို့တော်အသွင်အဖြစ်လည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်**
- ❖ **ပညာရေးနှင့်ပတ်သက်၍ အစဉ်အလာကောင်းရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုသာယာ၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးကို အထောက်အကူဖြစ်စေ၍ ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည်**
- ❖ **ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်ရာတွင် စည်းကမ်းနှင့်အညီ ဖြစ်ရန်လိုကြောင်း၊ ပုဂ္ဂလိကကျောင်းများအနေဖြင့် အောင်ချက်ကောင်းရုံသာ ဦးတည်ဆောင်ရွက်ခြင်းမျိုးမပြုလုပ်ဘဲ ကျောင်းသား ကျောင်းသူများအား အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးသည့်ကျောင်းများ ဖြစ်စေလို**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး ဆရာမကြီးများ၊ သန္ဒေအရာရှိများ၊ သင်တန်းသား သင်တန်းသူများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး ဆရာမကြီးများ၊ သန္ဒေအရာရှိများ၊ သင်တန်းသား သင်တန်းသူများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် မေ ၂၀**

နည်းပြများအနေဖြင့် မိမိတို့တတ်မြောက်သင်ကြားထားသည့်၊ စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများနှင့် ပေါင်းစပ်ချိန်ထိုး၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးပြီး စိတ်ဓာတ်ခိုင်မာကောင်းမွန်သည့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ပြည်သူက အားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ သင်တန်းသားအရာရှိငယ်များ၊ ဗိုလ်လောင်းများအနေဖြင့်လည်း စိတ်ဓာတ်ခံယူချက်ကောင်းစွာဖြင့် သင်ယူလေ့လာ၍ နိုင်ငံတော်နှင့် တပ်မတော်ကို ပြန်လည်အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး ဆရာမကြီးများ၊ သန္ဒေအရာရှိများ၊ သင်တန်းသား သင်တန်းသူများနှင့် ဗိုလ်လောင်းများအား စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး ဆရာမကြီးများ၊ သန္ဒေအရာရှိများ၊ သင်တန်းသား သင်တန်းသူများနှင့် ဗိုလ်လောင်းများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏ နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အတွက် နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ် အခြေအနေကြေညာခဲ့ရပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကိုထမ်းဆောင်ခဲ့ရချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲများ၊ နိုင်ငံရေးအကြောင်းပြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားကြသူများ၏ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များနှင့် အဖျက်အမှောင့်လုပ်ရပ်များ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံ့ဝန်ထမ်းအချို့ CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့မှုများစသည့်အခက်အခဲ၊ အကျပ်အတည်းပေါင်းစုံကြားမှ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

- ✻ **စည်းကမ်းသည် တပ်မတော်၏ကျောရိုးဖြစ်ပြီး တစ်ဦးချင်း တစ်ယောက်ချင်းစီအလိုက် စိတ်ဓာတ်စည်းကမ်းကောင်းမှသာလျှင် အဖွဲ့အစည်းတစ်ခုလုံးကောင်းမွန်မည်**
- ✻ **ယခုသင်တန်းသားများဘဝကတည်းကပင် မိမိကိုယ်ကို စည်းကမ်းတကျနေထိုင်လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူဆောင်ရွက်သွားကြရန်လိုပြီး ဘဝတစ်လျှောက်လုံး ကျင့်သုံးဆောင်ရွက်သွားကြရန်လည်းလို**
- ✻ **စည်းကမ်းသေဝပ်၍ အမိန့်နာခံမှုကောင်းစွာဖြင့် လုပ်ဆောင်ခြင်း၊ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လို**
- ✻ **နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် မိမိတို့တစ်ဦးချင်း၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်လိုအပ်**

**သင်တန်းသားတစ်ဦးချင်းစီ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်မှုရှိအောင် လေ့ကျင့်ပေးရမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် စစ်တက္ကသိုလ်သည် တပ်မတော်(ကြည်း၊ ရေ၊ လေ) အတွက် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် အရာရှိကောင်းများကို မွေးထုတ်ပေးနိုင်ရေး အဓိကသင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိစေရေး သင်တန်းနှစ်အလိုက် သတ်မှတ်ထားသည့် လေ့ကျင့်ရေးဆိုင်ရာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ တစ်ဦးချင်း တစ်ယောက်ချင်းစီ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိစေရေး ခံယူချက်ကောင်းများဖြင့် လေ့ကျင့်ရေးဆိုင်ရာများကို လိုက်နာလေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း၊ သင်တန်းသားတစ်ဦးချင်းစီအလိုက် မိမိကိုယ်ကိုအားကိုးယုံကြည်သည့် စိတ်ဓာတ်များရရှိစေရေး၊ ကိုယ်ပိုင်အစွမ်းအစများဖြင့် အောင်မြင်သည့်ဘဝကို ဖြတ်သန်းနိုင်သော ခိုင်မာသည့်စိတ်ဓာတ်များရရှိစေရေး နည်းပြများမှ မိမိတို့သင်ကြားခဲ့ရသည့် စာပေဗဟုသုတများ၊ ဘဝတစ်လျှောက် ကြုံတွေ့ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများဖြင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း နည်းပြများ၏ သင်ကြားလေ့ကျင့်ပေးမှုများကို စွဲမြဲစွာမှတ်ယူ၍ ဘဝတစ်လျှောက်လုံး မိမိကိုယ်ကိုအားကိုးယုံကြည်သည့် စိတ်ခွန်အား၊ ခံယူချက်ကောင်းတို့ဖြင့် ဖြတ်သန်းကြရန်လိုကြောင်း။

**ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ မိမိကိုယ်ကိုချိန်ထိုး၍ လိုက်နာဆောင်ရွက်ရန်လိုပြီး စည်းကမ်းစနစ်တကျရှိရမည်**

ခေါင်းဆောင်မှုနှင့်ပတ်သက်၍ တပ်မတော်တွင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက် ချမှတ်ထားရှိပြီး အဆိုပါအချက်များနှင့်ချိန်ထိုး၍ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ ခေါင်းဆောင်များအနေဖြင့် လိုက်နာရန်လိုအပ်သည်များကို လိုက်နာ၍ စောင့်ထိန်းသင့်သည်များကို စောင့်ထိန်းခြင်းသည် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိဦးဆောင်ရသည့် လက်အောက်ငယ်သားများ၏ အကျိုးကိုဖော်ဆောင်နိုင်ရေး၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုဘဝမြင့်မားတိုးတက်ရေးတို့အတွက် လေ့လာသင့် လေ့လာထိုက်သည်များကိုလည်း အမြဲမပြတ်လေ့လာနေရန်လိုကြောင်း။

စည်းကမ်းသည် တပ်မတော်၏ကျောရိုးဖြစ်ပြီး တစ်ဦးချင်း တစ်ယောက်ချင်းစီအလိုက် စိတ်ဓာတ်စည်းကမ်းကောင်းမှသာလျှင် အဖွဲ့အစည်းတစ်ခုလုံး ကောင်းမွန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုသင်တန်းသားများဘဝကတည်းကပင် မိမိကိုယ်ကို စည်းကမ်းတကျ နေထိုင်လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူဆောင်ရွက်သွားကြရန်လိုပြီး ဘဝတစ်လျှောက်လုံး ကျင့်သုံးဆောင်ရွက်သွားကြရန်လည်းလိုကြောင်း၊ စည်းကမ်းသေဝပ်၍ အမိန့်နာခံမှုကောင်းစွာဖြင့် လုပ်ဆောင်ခြင်း၊ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် မိမိတို့တစ်ဦးချင်း၏တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်မည်ဖြစ်ကြောင်း။

**အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေး**

ထို့ပြင် တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် ပညာတတ်မြောက်ရန်နှင့် အသိပညာဗဟုသုတကြွယ်ဝရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအရအားပေးမြှင့်တင်မှုပြုလုပ်ရန် များစွာလိုအပ်ချက်များရှိနေဆဲဖြစ်သဖြင့် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ထို့ပြင် ပညာရေးအတွက် အထောက်အကူပြုစေမည့် စာကြည့်တိုက်များတည်ဆောက်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်မှုရှိစေရေး နိုင်ငံတော်မှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နည်းပြများ၊ သင်တန်းသားများအနေဖြင့်လည်း တစ်ဦးချင်းအသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လိုပြီး ဖတ်ရှုသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလိုကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာမည်ဖြစ်ကာ ဘဝတိုးတက်မြင့်မားရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အသိပညာကြွယ်ဝခြင်းဖြင့် တစ်ဦးချင်းစီ၏ လူနေမှုပုံစံပြောင်းလဲတိုးတက်လာစေမည်ဖြစ်ပြီး အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်သဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

**စာမျက်နှာ ၆ သို့** ✪

❖ စာမျက်နှာ ၄ မှ
အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ကို ကျန်းမာရေး မြို့တော်ဖြစ်စေရန် ရည်ရွယ်၍ ပုဂ္ဂလိက ဆေးရုံများ တည်ဆောက်ရန် လျာထားသည့်မြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာ သိန်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဧပြီ ၁၄ ရက်ညပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူများ၏ ဒရုန်းတိုက်ခိုက်မှုဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အရိုးအကြောကုသဆောင်ပြင်ဆင်ထားရှိမှုနှင့် အဆိုပါကုသဆောင်တွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွင်းလှည့်လည်၍ လူနာဆောင်များနှင့် လူနာခန်းများ ပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စက်ပစ္စည်းကိရိယာများ ကောင်းမွန်မှုရှိစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✪ စာမျက်နှာ ၅ မှ
**နည်းပြများက စနစ်တကျသင်ကြားလေ့ကျင့်ပေးရန် လိုသကဲ့သို့ သင်တန်းသားများအနေဖြင့်လည်း ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ယူကြရန်လို**

သင်ကြားရေးနှင့်ပတ်သက်၍ အတတ်ပညာတစ်ခုကို သင်ယူတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ၎င်းအတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်သူများ ဖြစ်အောင် လေ့ကျင့်သင်ကြားပေးမှုဟူ၍ ရှိကြောင်း၊ နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားရာတွင် လေ့ကျင့်ရေးဆိုင်ရာပညာရပ်နှင့် စာပေပိုင်းဆိုင်ရာပညာရပ်ဟူ၍ရှိပြီး နှစ်ဖက်မျှတစွာ တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်ပါက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြရန်၊ သင်တန်းသားများကို အလိုမလိုက်ရန် လိုအပ်သကဲ့သို့ မိမိကိုယ်ကိုလည်း အလိုမလိုက်ရန်လိုကြောင်း၊ အရည်အချင်းနှင့် ပြည့်စုံသဖြင့် နည်းပြများဖြစ်နေကြခြင်းဖြစ်သည့်အတွက် မိမိတတ်မြောက်ထားသည့်၊ သင်ကြားထားရသည့် စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းလာသည့် အတွေ့အကြုံများနှင့် ချိန်ထိုး၍ စနစ်တကျ သင်ကြားပေးစေလိုပြီး အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သင်ခန်းစာများကို အမှန်တကယ်တတ်မြောက်ပြီး လက်တွေ့မြေပြင်တွင် ခေါင်းဆောင်မှုကောင်းမွန်စွာ ပေးနိုင်ရန်၊ စိတ်ဓာတ်ခိုင်မာကောင်းမွန်ရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ပြည်သူကအားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ဗိုလ်လောင်းတစ်ဦးချင်းစီအလိုက်၊ သင်တန်းအမှတ်စဉ်အလိုက် စုဖွဲ့ပေးထားသည့် အုပ်ထိန်းသူ Guardian အဖြစ် တာဝန်ယူထားသူများအနေဖြင့်လည်း အစ်ကိုအစ်မ စိတ်ဓာတ် မိဘသဖွယ်စိတ်ဓာတ်ထားရှိ၍ သင်တန်းသားများအပေါ် မှန်ကန်သည့်ဦးဆောင်မှုနှင့် လမ်းညွှန်မှုများ ပေးနိုင်ရန်လိုပြီး ၎င်းတို့၏ ဘဝလမ်းကြောင်းမှန်အပေါ် တည့်မတ်ပေးနိုင်ရန်လိုကြောင်း။

နည်းပြများအနေဖြင့် ထိုကဲ့သို့ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သကဲ့သို့ သင်တန်းသားများအနေဖြင့်လည်း မိမိတို့အဆင့်အလိုက်တက်ရောက်ရသည့်သင်တန်းများတွင် ကြိုးပမ်းအားထုတ်သင်ကြားကြရန်လိုကြောင်း၊ အနာဂတ်တွင် ထူးချွန်ထက်မြက်၍ ပြည်သူက အားကိုးပြီး နိုင်ငံတော်က အားထားရသည့် ခေါင်းဆောင်များထွက်ပေါ်လာစေရေးအတွက် သင်တန်းစတင် တက်ရောက်ချိန်မှစ၍ အဆင့်လိုက် တက်ရောက်ရသည့် သင်တန်းများကို အဆင့်ဆင့်သင်ကြားပေးခဲ့ရပြီး နိုင်ငံတော်နှင့် တပ်မတော်က အချိန်နှင့် ငွေကြေးအရင်းအနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ကြားကြရန်လိုကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် မိမိတို့ဘဝတိုးတက်ရေး နိုင်ငံတော်နှင့် တပ်မတော်၏ မျှော်မှန်းချက်များ မပျောက်ပျက်စေရေးတို့အတွက် စည်းကမ်းစနစ်တကျဖြင့် မိမိကိုယ်ကို စောင့်ထိန်း၍ ပညာကို ကြိုးပမ်းသင်ကြားကြစေလိုကြောင်း မှာကြားပြီး နည်းပြအရာရှိများ၊ သင်တန်းသား သင်တန်းသူများနှင့် ဗိုလ်လောင်းများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာပေဗိမာန်စာကြည့်တိုက်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အရာထမ်းများနှင့် တွေ့ဆုံ

**ရန်ကုန် မေ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာကြည့်တိုက်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အရာထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ စာပေဗိမာန်စာကြည့်တိုက်တွင် ပြည်သူများ စာအုပ်စာပေဖတ်ရှုနေမှုကို ကြည့်ရှုပြီး စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင် စာအုပ်အမျိုးအစားပေါင်း ၁၁၆ မျိုး၊ စာအုပ်ပေါင်း ၄၇၀၀၀ ရောင်းချနေမှုနှင့် စာပေချစ် ပြည်သူများ စာအုပ်စာပေလေ့လာဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် စာပေဗိမာန်ရုံးအစည်းအဝေးခန်းမ၌ အရာထမ်းများနှင့် တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ စာပေဗိမာန်ရုံးအစည်းအဝေးခန်းမ၌ အရာထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စာအုပ်စာပေယဉ်ကျေးမှုသည် နိုင်ငံအတွက် အရေးပါပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေကို လေးစားမြတ်နိုးပြီး စာပေပညာရှင်များကို အထူးတန်ဖိုးထားအားပေးလျက်ရှိကာ စာပေကဏ္ဍဖွံ့ဖြိုးရေးတွင် တစိုက်မတ်မတ် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စာပေဗိမာန်စာကြည့်တိုက်တွင် လာရောက်ဖတ်ရှုကြသည့် ပြည်သူများအပြင် ကျောင်းသား ကျောင်းသူများ ပိုမိုလာရောက်ဖတ်ရှုနိုင်ရန် စာဖတ်ရှိန်မြှင့်တင်မှုကဏ္ဍတစ်ရပ်အဖြစ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ခေတ်စနစ်နှင့်ကိုက်ညီသည့် စာဖတ်ရှိန်မြှင့်မားရေး လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လူငယ်များ စာပေပိုမိုဖတ်ရှုကြရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးကို အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

စာပေပညာရှင်များ၊ ပြည်သူများ လာရောက်လေ့လာနိုင်မည့် နေရာတစ်ခု၊ စာပေဆွေးနွေးပွဲများနှင့် စာပေချစ်သူများ အေးချမ်းစွာ နားခိုပြီး စာပေဖတ်ရှုနိုင်မည့်နေရာတစ်ခုအဖြစ်အပြင် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ လာရောက်လေ့လာအပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ် စာဆိုဗိမာန် တည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိပြီး မကြာမီအကောင်အထည် ပေါ်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့ဌာန၏ အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပြီး ဌာန၏လုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာပေဗိမာန်ရှိ ဌာနစိတ်တာဝန်ခံများက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့နယ်၌ သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ




**ကျိုက်မရော မေ ၂၀**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြို့နယ်သစ်တောဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ကြိုဆိုသောအားဖြင့် သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲ ပြုလုပ်သည်။

**ဆွေးနွေးပြောကြား**

ဆွေးနွေးပွဲ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြီး မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဝင်းစိုးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ပေါ်ပေါက်လာရသည့် သမိုင်းကြောင်း၊ သစ်တောများ၏ အရေးပါပုံ၊ သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားခြင်း၏ ဝိသေသလက္ခဏာများ၊ သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားခြင်းကို တားဆီးနိုင်မည့် လုပ်ဆောင်ချက်များနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည့် မြေယာပြန်လည်ပြုပြင်ရေး နည်းလမ်းများကို ပြည်သူများ ဗဟုသုတရရှိစေရန် ဆွေးနွေးပြောကြားခဲ့ကြကြောင်း သိရသည်။

**မိချို(ကျိုက်မရော)**

## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၂၀**

ဘင်္ဂလား ပင်လယ်အော် အနောက် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင် ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြားရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ အွန်လိုင်းလိမ်လည်မှုဂိုဏ်းများ ပပျောက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြှင့်တင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ အပြုသဘောဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# (၅၂) ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့ (အေစီယူ)ဒါရိုက်တာအဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၃၀**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ကျင်းပသည့် (၅၂) ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေး အဖွဲ့ (အေစီယူ) ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။






**တက်ရောက်**

အစည်းအဝေးသို့ အေစီယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီရန်နိုင်ငံ၊ မြန်မာနိုင်ငံ၊ နီပေါနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ မော်လဒိုက်နိုင်ငံနှင့် ဘယ်လာရုစ် နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် အေစီယူ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုနှင့် အလားအလာများ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အေစီယူ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အေစီယူကျွမ်းကျင်မှုကော်မတီမှ လေ့လာတင်ပြသော ငွေပေးချေမှုစနစ်များ အချင်းချင်း ချိတ်ဆက် ပေါင်းစည်းခြင်းဖြင့် အေစီယူငွေပေးချေမှုစနစ်အပေါ် သက်ရောက်မှု အခြေအနေများ၊ အေစီယူငွေပေးချေမှု စနစ်တွင် ဒေသတွင်းငွေကြေးများ ပိုမိုအသုံးပြုနိုင်ရေးကိစ္စရပ်များ၊ အေစီယူ ဗဟိုဘဏ် ဒစ်ဂျစ်တယ်ငွေကြေး အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ အေစီယူမက်ဆေ့ဂျ် ပေးပို့သည့်စနစ် အကောင်အထည်ဖော်ရေး ကိစ္စရပ်များနှင့် အေစီယူစနစ် ပိုမိုအားကောင်း ခိုင်မာလာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**လွှဲပြောင်းလက်ခံရယူ**

အဆိုပါ အစည်းအဝေးတွင် လာမည့် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၅၃) ကြိမ်မြောက် အေစီယူ ဒါရိုက်တာ အဖွဲ့အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ နိုင်ရန်အတွက် ၂၀၂၅ ခုနှစ်၏ အေစီယူ ဒါရိုက်တာ အဖွဲ့အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက လွှဲပြောင်းလက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**ဆီရမ်ရိ မေ ၃၀**

(၂၅) ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေး (25th ASEAN Sub–Committee Meeting on Information) ကို မေ ၂၈ ရက်မှ ၃၀ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့ရှိ Sokhalay Angkor Resort Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ-အာဆီယံပြန်ကြားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။



**တက်ရောက်**

အဆိုပါအစည်းအဝေးသို့အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ (SCI) အလှည့်ကျသဘာပတိနှင့် ကမ္ဘောဒီးယား-ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် H.E. Dr. Sles Alfin နှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအတွက် အာဆီယံယဉ်ကျေးမှု ရန်ပုံငွေဘတ်ဂျက်လျာထားခြင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများ၊ ပြန်ကြားရေးကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအား ဆွေးနွေးညှိနှိုင်းခြင်း၊ အဆိုပြုစီမံကိန်းအသစ်များအား ဆောင်ရွက်လိုသည့် နိုင်ငံများအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆွေးနွေးစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက Project Proponent အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် “Documentary Production on Sustainable ASEAN MSMEs” စီမံကိန်းအပေါ် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံလုံး၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ယူဆောင်ရွက်သည့်“VIVID ASEAN” စီမံကိန်းနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် “Workshop on Mastering Government Communication: Empowering Spokespersons for Effective Public Engagement” စီမံကိန်းများ၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များ ကော်မတီ (CPR) ၏ အတည်ပြုချက်ရရှိခဲ့မှုနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် “Promotion of ASEAN Value and Identity in All AMS” စီမံကိန်းအပေါ် မြန်မာနိုင်ငံမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

**ရည်ရွယ်ကျင်းပ**

အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးများကို အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှု တိုးပွားခိုင်မာလာစေရေး၊ အာဆီယံစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အတွက် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ယင်းအစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်အလှည့်ကျသဘာပတိတာဝန်နှင့် အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းဖြစ်ရာ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံက အလှည့်ကျတာဝန်ယူ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေကောက်ရိုး

မောင်အောင်

"အေး...ကိုအောင်ရေ၊ မင်းကို သတင်းလေးတစ်ခု မှန်၊ မမှန် သိချင်လို့ဖုန်းဆက်နေတာ။ မင်းဖုန်းက လည်း မကိုင်တာက များနေတယ်"

သည်ရက်တွေမှာ အစည်းအဝေးတွေများနေ၍ ဖုန်းကို ကျွန်တော် အသံပိတ်ထားသည်။ အစည်း အဝေးတွင် အာရုံစိုက်နေရ၍ ဖုန်းလာသည်ကို ကျွန်တော်သတိမထားမိ။ အစည်းအဝေးပြီး ပြန်တော့ လည်း ဖုန်းပိတ်ထားသောအသံကို ပြန်၍မဖွင့်မိ။ သည်တော့ အစ်ကိုကြီး၏ ငြိုငြင်သံက ပေါ်လာသည်။

"ဟုတ်တယ် အစ်ကိုကြီး။ ကျွန်တော် အစည်းအဝေး တွေများနေလို့ ဖုန်းအသံပိတ်ထားမိတာပါ။ ဒါနဲ့ အစ်ကိုကြီးက ဘာများအရေးတကြီး သိချင်နေလို့လဲ"

"အရေးကြီးတာပေါ့ကွ။ အရေးကြီးသမှ တို့တောင်သူတွေအတွက် အရေးကြီးတဲ့သတင်း။ တို့နိုင်ငံက ကောက်ရိုး ရိုးပြတ်တွေမီးရှို့လို့ လေထုတွေ ညစ်ညမ်းပြီး စင်ကာပူလေယာဉ်ကွင်းမှာ မီးခိုးမှောင် တွေပိတ်နေလို့ သူတို့လေယာဉ်တွေ အဆင်း၊ အတက်ခက်နေတဲ့အကြောင်းနဲ့ ထိုင်းဘက်ကလည်း ပြောသတဲ့၊ ကောက်ရိုး ရိုးပြတ်တွေ မီးရှို့တဲ့နိုင်ငံက လယ်ယာထွက်ကုန်ပစ္စည်းတွေ သူတို့မဝယ်ဘူး ဆိုတဲ့အကြောင်း။ အဲဒါရော ဟုတ်သလား။ အထူး သဖြင့် ပြောင်းတို့၊ ပဲတို့ပေါ့ကွာ။ အဲဒါဆို တို့တောင်သူ တွေအတွက် ဈေးကွက်ပျက်တော့ ခက်သပေါ့ကွာ။ ဝင်ငွေရဖို့ ခက်တာပေါ့ကွာ။ အဲဒီကိစ္စ မင်းကို ငါမေးချင်နေတာ"

အစ်ကိုကြီးက ပြောရင်းနှင့် အားပါလာပုံရသည်။ သူ့အသံက ပြင်းထန်လှသည်။

"အဲဒီသတင်းက ဟုတ်လည်း ဟုတ်တယ်။ မဟုတ်လည်း မဟုတ်ဘူး အစ်ကိုကြီး"

"မင်းအဖြေက ဘာလဲကွ။ ဟုတ်ရင်လည်း ဟုတ်တယ်။ မဟုတ်ရင်လည်း မဟုတ်ဘူး။ ရှင်းရှင်း ပြောစမ်းပါ။"

"ဒီလို အစ်ကိုကြီးရဲ့။ ဟုတ်တယ်ဆိုတာက ကောက်ရိုး ရိုးပြတ်တွေမီးရှို့လို့ လေထုညစ်ညမ်းပြီး မီးခိုးမြူတိမ်တွေ ဖြစ်လာတယ်။ လေယာဉ်တွေ အဆင်းရ၊ အတက်ရခက်လာတယ်ဆိုတာ ဟုတ် တယ်။ မဟုတ်ဘူးဆိုတာက ကျွန်တော်တို့နိုင်ငံက ကောက်ရိုး ရိုးပြတ်တွေ မီးရှို့လို့ဖြစ်လာတဲ့ မီးခိုးမြူ တိမ်တွေချည်းတော့မဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံ မှာ အရင်တုန်းကတော့ လယ်သမားအတော်များများ က ကောက်ရိုး ရိုးပြတ်တွေကို မီးရှို့ကြတာမှန်တယ်။ အဲဒီလိုပဲ ကျွဲစာ၊ နွားစာရှားတဲ့အရပ်က လူတွေက အသုံးမလိုတဲ့လယ်သမားတွေပုံထားတဲ့ကောက်ရိုးကို လှည်းတွေ၊ ကားတွေနဲ့ လာဝယ်ပြီး ကိုယ့်အိမ်က ကျွဲနွားတွေကို ကျွေးကြရတယ်။ အခုအချိန်မှာတော့ ကျွန်တော်တို့ နေပြည်တော်ကောင်စီမှာရော တိုင်းဒေသကြီးနဲ့ပြည်နယ် အတော်များများမှာပါ



ပြုလုပ်ပြီး အာဟာရဖြည့်နွားစာတုံး။

ကောက်ရိုး ရိုးပြတ်တွေ မီးမရှို့ဖို့ အမိန့်ထုတ်ထား တယ်။ မီးရှို့တာတွေ့ရင်လည်း တားဆီးတယ်။ စင်ကာပူလေယာဉ်ကွင်းမှာ မီးခိုးမြူမှောင်ပိတ်ရတာ ကျွန်တော်တို့နိုင်ငံကြောင့် မဟုတ်ဘူး။ အဓိကက အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းတို့ဘက်က တောမီးတွေလောင်ပြီး ထွက်လာတဲ့ မီးခိုးမြူတိမ် တွေကြောင့်ဖြစ်ရတာ။ ဒါကို သက်သက်တိုက်ခိုက် ချင်၊ သွားပုပ်လေလွင့်ပြောချင်တော့ ကျွန်တော်တို့ နိုင်ငံကြောင့် ဖြစ်ရတယ် ဘာညာလျှောက်ပြော နေတာ။ မီးခိုးမြူတိမ်ပိတ်တယ်ဆိုတာ ဖြစ်ချင်းဖြစ် ကျွန်တော်တို့နိုင်ငံမှာ အရင်ဖြစ်ရမှာပေါ့ မဟုတ်ဘူး လား အစ်ကိုကြီးရ။"

"အဲ...ထားပါတော့။ ဒါကမင်းပြောတဲ့ ဟုတ်လည်း ဟုတ်တယ်ဆိုတာ။ ဒီတော့ မဟုတ်လည်း မဟုတ်ဘူး ဆိုတာကရော ဘာလဲ။"

အစ်ကိုကြီးက ကျွန်တော်ပြောသည့် စကားများ ကို မှတ်ထားပြီး ချက်ကျလက်ကျပြန်ပြီး မေးလာ ခြင်းဖြစ်သည်။

"ပြောပြီးပြီလေ အစ်ကိုကြီးရ။ ဟုတ်တယ် ဆိုတာက မီးခိုးမြူတိမ်တွေကြောင့် လေထု ညစ်ညမ်းတာ။ ဒါကလည်း ကောက်ရိုးတစ်မျိုးတည်း မီးရှို့လို့ဖြစ်တာတော့ မဟုတ်ဘူး။ အမှိုက်တွေ၊ သစ်ရွက်ခြောက်တွေ၊ ပလတ်စတစ်တွေမီးရှို့ရင် လည်း မီးခိုးမြူတိမ်တွေဖြစ် လေထုညစ်ညမ်းပြီး အခုလို ဖြစ်ရတာ။ တောမီးလောင်ရင်လည်း မီးခိုး မြူတိမ်တွေ ဖြစ်တာပဲ။ ဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက သစ်ရွက်ခြောက် တွေ၊ သစ်ရွက်ဆွေးတွေကို မီးမရှို့ဘဲ သဘာဝ မြေဩဇာ၊ သစ်ရွက်ဆွေးမြေဩဇာလုပ်ဖို့ စည်းရုံး ပညာပေးနေတာပေါ့။ သစ်ရွက်ဆွေးမြေဩဇာ လုပ်ရင် ဓာတ်မြေဩဇာဖိုး ကုန်ကျမှုသက်သာ တဲ့အပြင် မြေကြီးအတွက်လည်း ရေရှည်မြေဩဇာ ကောင်းစေတာကြောင့် တကယ်လုပ်သင့်တဲ့ အလုပ်ပဲ။"

"အေး ထားပါတော့။ မင်း ငါမေးတဲ့မေးခွန်း တစ်ခုဖြေဖို့ကျန်သေးတယ်လေကွာ။ ကောက်ရိုး မီးရှို့တဲ့နိုင်ငံကထွက်တဲ့ ပြောင်းတို့၊ ပဲတို့၊ သစ်သီး၊ ဟင်းသီးဟင်းရွက်တို့ကို အိမ်နီးချင်းနိုင်ငံတွေက မဝယ်ဘူးလို့ ပြောတဲ့ကိစ္စ။ အဲဒါ တကယ်ပဲလား။"

"ရိုးပွါ့ အစ်ကိုကြီးရယ်။ ကျွန်တော့် အစ်ကိုကြီးရယ် လို့ မပြောချင်တော့ဘူး။ ဒီနိုင်ငံတွေက ကုန်သွယ်မှုနဲ့ ပတ်သက်ပြီး သက်သက်လှည့်ဖြားတာ။ ကျွန်တော် တို့ နိုင်ငံကလူတွေ ကုန်သည်ရော၊ လယ်သမားရော၊ ပြည်သူတွေကရော ရိုးတယ်။ တစ်ယောက်ယောက် က လှည့်ကွက်ဆင်လာရင် ယုံလွယ်တယ်။ သူတို့ ဘာကြောင့် ဒီလိုပြောသလဲ။ တရားဝင်ကုန်သွယ်မှု လုပ်ရင် အစိုးရချင်းရောင်းကြ၊ ဝယ်ကြတာမို့ဈေးနှိမ်လို့ မရဘူး။ ကမ္ဘာ့ပေါက်ဈေးပေးရမယ်။ အခွန်အခ ဆောင်ရမယ်။ အဲဒါကြောင့် မဝယ်ဘူးတို့၊ ဘာတို့ အခုလိုပြောလိုက်ရင်၊ အသံလွှင့်လိုက်ရင် ကျွန်တော် တို့ ကုန်သည်တွေက အောက်လမ်းကရောင်းတယ်။ ဈေးမှန်မရတော့ဘူး။ ဈေးနှိမ်ပြီးဝယ်တယ်။ ကျွန်တော်တို့ဘက်က ကုန်သည်အစုအဖွဲ့က ဒါကို သဘောမပေါက်ဘူး။ ကျွန်တော်တို့တောင်သူတွေဆီ က ဈေးနှိမ်ပြီးဝယ်တယ်။ အောက်ဈေးနဲ့ မှောင်ခို ထုတ်ကြတယ်။ အဲဒီတော့ တစ်ဖက်နိုင်ငံက ကုန်သည်တွေက အောက်ဈေးရတယ်။ အဲဒီအကွက် ကို ဒီလူတွေက ဆင်ကြတာ။"

"နောက်ပြီး အစ်ကိုကြီးလည်း သိသားပဲ။ နိုင်ငံ တိုင်းက ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို ကျင့်သုံးတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေက နိုင်ငံငယ် တွေကို အနိုင်ကျင့်ချင်ကြတယ်။ အထူးသဖြင့် သူတို့ နိုင်ငံတွေနဲ့ နိုင်ငံရေးမူဝါဒမတူရင် ပိတ်ဆို့ကြတယ်၊ တားဆီးကြတယ်။ အစ်ကိုကြီး ပြန်ပြီးစဉ်းစားကြည့် ရင် ကျွန်တော်တို့နိုင်ငံက ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေး ရတယ်။ ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးခဲ့တယ်။ ဒါပေမဲ့ လွတ်လပ်ရေးကြိုးပမ်းခဲ့တဲ့ အချိန်ကတည်း က ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်ကို ဆိုရှယ်လစ် စနစ်ကျင့်သုံးဖို့ ရည်ရွယ်ခဲ့တယ်။ လွတ်လပ်ရေးရတဲ့ အချိန်မှာ ဗိုလ်ချုပ်ကျဆုံးသွားပြီးဖြစ်တာကြောင့် အဲဒီအချိန်က နိုင်ငံ့ခေါင်းဆောင်တွေက ပါလီမန် ဒီမိုကရေစီစနစ်ကျင့်သုံးခဲ့တယ်။ အဲဒီမှာ ၁၉၄၇ ခုနှစ် က လက်မှတ်ရေးထိုးခဲ့တဲ့ပင်လုံစာချုပ်မှာ ဖက်ဒရယ်မူ ဆိုတာ ပါခဲ့တယ်။ အဲဒီဖက်ဒရယ်မူကြောင့် တိုင်းရင်းသားပြည်နယ်တချို့က ပြည်မကနေ ခွဲထွက်ဖို့ပြောလာကြတယ်။ တိုင်းပြည်ပြိုကွဲဖို့ ဖြစ်လာတဲ့ အခြေအနေကြောင့် ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီက တိုင်းပြည်တာဝန်ကို ယူခဲ့ရတယ်။"

"အဲဒါတွေက ငါသိပြီးသားပါကွာ၊ မင်းပြောချင် တာက အဓိကဘာလဲ။ ဘာကိုပြောချင်တာလဲ။"

အစ်ကိုကြီးက စိတ်မရှည်သံဖြင့် ကြားဖြတ်ပြော လိုက်ခြင်းဖြစ်သည်။

"အဲဒီ တော်လှန်ရေးကောင်စီက မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ပြီး တစ်ပါတီစနစ်နဲ့ အုပ်ချုပ်ခဲ့တယ်။ ၁၉၇၄ ခုနှစ်မှာ အခြေခံဥပဒေရေးဆွဲပြီး ပြည်သူ့လွှတ်တော်နဲ့ ပြည်သူ့ကောင်စီအဆင့်ဆင့်ကို တည်ထောင်ခဲ့ တယ်။ ကျွန်တော်ပြောချင်တာက အဲဒီဆိုရှယ်လစ် တစ်ပါတီစနစ်ခေတ်မှာလည်း ကျွန်တော်တို့နိုင်ငံ ကို နိုင်ငံကြီးတွေက ဝိုင်းပြီးကြဉ်ကြတယ်။ စီးပွားရေး ပိတ်ဆို့ခဲ့ကြတယ်။ နိုင်ငံ့ခေါင်းဆောင်တွေက ကိုယ့်ပြည်တွင်းအားကို အားကိုးပြီး ကိုယ့်နိုင်ငံ တိုးတက်အောင် လုပ်ခဲ့ကြတယ်။ ၁၉၈၈ ခုနှစ် ရောက်တော့ စီးပွားရေးကျပ်တည်းတာရယ်၊ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ထိုးနှက်ချက်ရယ်၊ ပြည်ပနိုင်ငံ တွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ပြည်သူတွေ အုံကြွပြီး အရေးအခင်းဖြစ်ခဲ့တယ်။ အစိုးရ အုပ်ချုပ်မှုပျက်ယွင်းခဲ့ရတယ်။ ပြည်ပနိုင်ငံကြီးက ကျူးကျော်လာပြီး တိုင်းပြည်ပြိုကွဲတော့မယ့် အခြေ အနေကြောင့် တပ်မတော်က တိုင်းပြည်ကိုပြန်လည် တာဝန်ယူခဲ့ရတယ်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းပြီး ပြိုကွဲတော့မယ့် တိုင်းပြည်ကြီးကို တာဝန်ယူခဲ့ရတယ်။"

"အဲဒီတုန်းက အစိုးရလက်ထဲမှာ နိုင်ငံခြားငွေ အတော်လေးနည်းတယ်။ နိုင်ငံခြားတိုင်းပြည်တွေ က အစိုးရပြုတ်ကျမယ်လို့ ယူဆကြတယ်။ ကျွန်တော် တို့ တိုင်းပြည်ကို ဝိုင်းပြီး စီးပွားရေးပိတ်ဆို့ကြတယ်။ အဲဒီအခြေအနေတွေကို တပ်မတော် ခေါင်းဆောင် တွေက ကြံ့ကြံ့ခံပြီး ပြည်သူတွေလိုလားတဲ့ ပါတီစုံ စနစ်ကို ကျင့်သုံးတယ်။ အမျိုးသားညီလာခံခေါ်ယူ ကျင်းပပြီး ပါတီစုံဒီမိုကရေစီစနစ်နဲ့ လိုက်လျော ညီထွေဖြစ်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ ကိုရေးဆွဲ ပေးခဲ့တယ်။ အဲဒီအချိန်မှာ နိုင်ငံတချို့ကပဲ ကျွန်တော်တို့နိုင်ငံကို

စာမျက်နှာ ၉ သို့



ကောက်ရိုးကို ယူရီးယားဖျော်ရည်ဖျန်း၍ နင်းသိပ်နေမှုကို တွေ့ရစဉ်။



ကောက်ရိုးကို ယူရီးယားဖျော်ရည်ဖျန်း၍ နင်းသိပ်ကာ ၂၁ ရက်ကြာ ဖုံးအုပ်ထားသည်ကို တွေ့ရစဉ်။

## ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများအား ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုရန် အသိပေးကြေညာ

**နေပြည်တော် မေ ၃၀**

၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်၍ သွင်းကုန်လိုင်စင်/ ပါမစ်ခွင့်ပြုချက်မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် မေ ၃၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ (၃/၂၀၂၄) ဖြင့် ထုတ်ပြန်ထားသည်။

အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းများမှအပ ကျန်ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုလုပ်ရန်နှင့် ခွင့်ပြုချက်မရရှိဘဲ ရောက်ရှိပါက အဆိုပါတင်သွင်းသောကုမ္ပဏီများကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့် ထုတ်ပြန်ထားသော်လည်း သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်မှုမရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ ခွင့်ပြုချက်မရရှိသေးသော ကုန်ပစ္စည်းများကို ကြိုတင်တင်သွင်းဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကျန်းမာရေးကဏ္ဍတို့အတွက် လိုအပ်သော အရေးကြီးကုန်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ကုန်လှောင်ရုံများတွင် ထည့်သွင်းခွင့်ပြုထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသော ဥပဒေနှင့် စည်းကမ်းများကို အလေးအနက်ထားလိုက်နာစေရန် ရည်ရွယ်၍ သွင်းကုန်လိုင်စင်/ ပါမစ် ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်ပစ္စည်းများ ဆိပ်ကမ်းနှင့် လေဆိပ်များသို့ တင်သွင်းရောက်ရှိမှုမရှိစေရေးအတွက် နှိုးဆော်အသိပေးကြေညာခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကောက်ခွန်ကုန်လှောင်ရုံအတွင်း သိုလှောင်ခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စု စာရင်းထုတ်ပြန်

**နေပြည်တော် မေ ၃၀**

အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းသိုလှောင်ခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စုစာရင်းကို ယနေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ (၂ / ၂၀၂၄) ဖြင့် ထုတ်ပြန်ထားသည်။

ကျန်းမာရေးကဏ္ဍတွင် ဆေးဝါးအလုံအလောက်ရရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံတော်၏ လျှပ်စစ်သုံးယာဉ်တိုးတက်အသုံးပြုမှုကို အထောက်အကူပြုနိုင်စေရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းလိုအပ်မှုကို အချိန်တိုအတွင်း ထုတ်ယူအသုံးပြုနိုင်စေရေးတို့အတွက်လည်းကောင်း ရည်ရွယ်၍ ဆေးဝါး၊ လျှပ်စစ်သုံးယာဉ်အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းများ၊ စက်မှုလုပ်ငန်းသုံးဓာတုကုန်ကြမ်းပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းခွင့်ပြုသွားမည်ဖြစ်သည်။

အဆိုပါ ကုန်ပစ္စည်းများကို အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းခွင့်ပြုခြင်းအားဖြင့် ပြည်တွင်းအငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရန် အထောက်အကူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်) များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့) ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

❂ စာမျက်နှာ ၈ မှ

အကူအညီပေးပြီး အများစုက စီးပွားရေးပိတ်ဆို့ထားတယ်။ အစ်ကိုကြီးသိတဲ့အတိုင်း တပ်မတော်အစိုးရက ကိုယ့်ပြည်တွင်းအားကို အဓိကထားပြီး ဒီနေပြည်တော်ကြီးကို တည်ဆောက်ခဲ့တယ်။ ဝန်ကြီးရုံးတွေ၊ လွှတ်တော်တွေ၊ ဝန်ထမ်းလိုင်းတွေ တည်ဆောက်ပေးခဲ့တယ်။ ၂၀၀၈ ခုနှစ်က အမျိုးသားညီလာခံမှာရေးဆွဲခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူအတည်ပြုပြီး အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပေးခဲ့ပြီး အနိုင်ရခဲ့တဲ့ပါတီကို တပ်မတော်ကနေ စနစ်တကျ အာဏာလွှဲပြောင်းပေးခဲ့တယ်။”

“အဲဒီတော့ မင်းဆိုလိုချင်တာက တို့မြန်မာ့တပ်မတော်ဟာ အရေးပေါ်အခြေအနေဖြစ်လာပြီး တိုင်းပြည်ပြိုကွဲတော့မယ့် အခြေအနေတိုင်းမှာ တိုင်းပြည်ကို တာဝန်ယူပေးခဲ့တာရယ်၊ ကိုယ့်ပြည်တွင်းအင်အားကိုသာ အဓိကထားပြီး တိုင်းပြည်ဖွံ့ဖြိုးရေး တည်ဆောက်ပေးခဲ့တာရယ်ပဲ မဟုတ်လား။ မင်းဘာကိုပြောချင်လို့ ဒီလောက် နိဒါန်းချီနေတာလဲ။ ရှင်းရှင်းလင်းလင်း ပြောစမ်းပါကွာ။”

ကျွန်တော့်စကားများကြောင့် အစ်ကိုကြီး ခေါင်းရှုပ်သွားပြီး လိုရင်းကို မေးလာခြင်းဖြစ်သည်။

“ဟုတ်တယ်လေ အစ်ကိုကြီးရဲ့။ ၁၉၆၂ ခုနှစ်လောက်ကစပြီး အခုအချိန်အထိ ကျွန်တော်တို့နိုင်ငံက ပြည်ပနိုင်ငံအတော်များများရဲ့ စီးပွားရေးပိတ်ဆို့မှုကို ခံခဲ့ရပေမယ့် ကျွန်တော်တို့ ပြည်သူတွေ စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံ့ခေါင်းဆောင်တွေရဲ့ မှန်ကန်တဲ့ ဦးဆောင်မှုအောက်မှာ လိုက်ပါဆောင်ရွက်ခဲ့တာကြောင့် ဒီအခြေအနေရောက်ခဲ့ပြီပဲ။ အဲဒီတော့ ကောက်ရိုးမီးရှို့တဲ့ နိုင်ငံတွေက ထွက်ရှိတဲ့ ပြောင်းတို့၊ ပဲတို့ စတဲ့ထွက်ကုန်တွေကို သူတို့မဝယ်ဘူးပြောလည်း ပူစရာမရှိပါဘူး။ ဒီလိုပြောလို့ကောက်ရိုးကို မီးရှို့ဖို့ ပြောနေတာမဟုတ်ဘူး။ ကောက်ရိုးကို မီးမရှို့အောင်လည်း ကျွန်တော်တို့ ကြေညာချက်ထုတ်တယ်။ တားဆီးနေတယ်။ တစ်ဖက်ကလည်း ကောက်ရိုးကနေ ဝင်ငွေရဖို့ အလုပ်တွေ ကျွန်တော်တို့ တောင်သူတွေကို ပညာပေးနေပါတယ် အစ်ကိုကြီးရဲ့။”

> **“အာဟာရဖြည့်နွားစာတုံးဆိုတာက ကောက်ရိုးနဲ့ ပဲဖတ်၊ နှမ်းဖတ်၊ ကစီဓာတ်နဲ့ ဆားရောပြီး အတုံးလုပ်ထားတာပါ။ ကျွဲ၊ နွားတွေ ပင်ပန်းပြီး အားအင်ကုန်ခန်းတဲ့အခါ ကျွေးမွေးဖို့၊ ခရီးသွားတဲ့အခါ အလွယ်တကူသယ်ယူနိုင်ဖို့ လုပ်ထားတာပါ။ ဒါ့အပြင် ကျွန်တော်စောစောကပြောသလို ကောက်ရိုးကနေ ပျော့ဖတ်ကတစ်ဆင့် စက္ကူလုပ်တာ၊ ကောက်ရိုးအသုံးပြုပြီး ကောက်ရိုးမှိုစိုက်တာ၊ တီကျစ်မြေဩဇာထုတ်တာ၊ ယုတ်စွအဆုံး ကောက်ရိုးကိုမီးရှို့ပြီး လျှပ်စစ်စွမ်းအားထုတ်တာ (Gasifier)အထိ လုပ်လို့ရပါတယ်။ အဲဒါကြောင့် ကောက်ရိုးက ကျွဲနွားတွေအတွက် အစားအစာဖြစ်တဲ့အပြင် စနစ်တကျ အသုံးချမယ်ဆိုရင် ကျွန်တော်တို့လူသားတွေအတွက် ရွှေဖြစ်မှာဖြစ်တဲ့အတွက် “ရွှေကောက်ရိုး” ပါ”**

“ဟုတ်လား။ ဘာတွေများ ပညာပေးနေလဲ။ ပြီးတော့ ကောက်ရိုးက ဘယ်လောက်များ ထွက်ရှိလို့ မင်းတို့က ပညာပေးလုပ်ငန်းတွေ လုပ်နေရတာလဲ။ ဒါနဲ့ပတ်သက်ပြီး နိုင်ငံတော်ကရော ညွှန်ကြားထားတာရှိလား။”

အစ်ကိုကြီးက သူသိလိုတာကို စေ့စေ့စပ်စပ်မေးလာသည်။

“ရှိတာပေါ့ အစ်ကိုကြီးရ။ ကောက်ရိုးနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ ၁၆-၂-၂၀၂၄ ရက်နေ့က နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးနဲ့ မွေးမြူရေးဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့ ဝန်ကြီးဌာနက တာဝန်ရှိသူတွေကိုခေါ်ပြီး ဆွေးနွေးတယ်၊ မေးတယ်။ အဲဒီတွေ့ဆုံပွဲမှာ နိုင်ငံတော်အကြီးအကဲက တစ်နှစ်ကို ကောက်ရိုးဘယ်လောက်ထွက်လဲ။ အဲဒီကောက်ရိုးကို ပျော့ဖတ်လုပ်ပြီး စက္ကူလုပ်ဖို့၊ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ စက္ကူစက်ရုံတွေကို ပျော့ဖတ်ပေးသွင်းဖို့နဲ့ ကောက်ရိုးကို အကျိုးရှိရှိ အသုံးချဖို့ ညွှန်ကြားခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မိုးစပါးရော နွေးစပါးပါ တစ်နှစ်ကို စိုက်ဧက ၁၇ သန်းခန့်ရှိပါတယ်။ စပါးတစ်ဧကက ကောက်ရိုး နှစ်တန်နှင့် သုံးတန်ကြားရရှိတာကြောင့် တစ်နှစ်ကို ကောက်ရိုးတန် ၃၅ သန်းနှင့် တန် ၅၀ ကြား ရရှိပါတယ်။ အဲဒီတော့ အဲဒီကောက်ရိုးကို နွားစာအဖြစ်ကျွေးတဲ့အပြင် ကောက်ရိုးကို အသုံးပြုပြီး ပျော့ဖတ်ကတစ်ဆင့် စက္ကူထုတ်လုပ်မယ်၊ အာဟာရဖြည့်နွားစာတုံးပြုလုပ်မယ်၊ ကောက်ရိုးမှို မွေးမြူမယ်၊ ကောက်ရိုးနဲ့ စပါးခွံကိုအသုံးပြုပြီး တီကျစ်စာမြေဆွေးပြုလုပ်လို့ရပါတယ်။”

“နေစမ်းပါဦး၊ မင်းတို့ပဲပြောကြတာ ကောက်ရိုးကျွေးရင် နွားတွေမှာ အာဟာရသိပ်မဖြစ်ဘူးဆို၊ ဗိုက်သာပြည့်တယ် အလကားဆို၊ မြက်စိုလောက် အာဟာရဓာတ်မပြည့်ဝဘူးလို့ ပြောကြတယ် မဟုတ်လား။”

ကျွန်တော့်အစ်ကိုကြီးက စကားတစ်ခုကို အလွယ်နှင့်လက်မခံ။ ပြန်ပြီးစူးစမ်းမေးမြန်းတတ်သည်။

“ဟုတ်ပါတယ် အစ်ကိုကြီး၊ ကောက်ရိုးမှာပါတဲ့ လစ်ဂနင်(Lignin) ဆိုတဲ့ဓာတ်က ကျွဲ၊ နွား တွေရဲ့ အစာအိမ်က ချေဖျက်လို့မရတာကြောင့် ကျွေးသလောက်အကျိုးမရှိတာပါ။ အဲဒီ လစ်ဂနင်ကို ယူရီးယားနဲ့ ချေဖျက်လို့ရပါတယ်။ အဲဒါလည်း သိပ်ပြီးခက်တာတော့ မဟုတ်ပါဘူး။ ကောက်ရိုး တစ်ကီလိုဂရမ်အတွက် ရေတစ်လီတာနဲ့ ယူရီးယား ၅၀ ဂရမ်နှုန်းဖျော်ပြီး ဖျန်းပေးရမှာဖြစ်ပါတယ်။

“အရေးကြီးတာက ကောက်ရိုးကို သေချာသိပ်ဖို့၊ ဖျန်းတဲ့ ယူရီးယားအရည်နှံ့စပ်ဖို့နဲ့ လေလုံအောင် ဖုံးအုပ်ထားဖို့ပါပဲ။ အဲဒီလို လေလုံအောင်ဖုံးထားပြီး နှစ်ပတ်၊ သုံးပတ်ကြာတဲ့အခါမှာ အဲဒီပြုပြင်ပြီး ကောက်ရိုးဟာ ကျွဲ၊ နွားကျွေးဖို့ အသင့်ဖြစ်ပါပြီ။ ဒါပေမဲ့ မကျွေးမီ (၂-၆) နာရီကြား လေသလပ်ခံဖို့ လိုပါတယ်။ ဒီလိုယူရီးယားနဲ့ ကောက်ရိုးပြုပြင်ကျွေးမွေးမှုကို သမံတလင်းခင်းထားတဲ့အခန်း၊ ကျင်း၊ သံပုံး၊ ပလတ်စတစ်ပုံးကြီးတွေနဲ့ လုပ်လို့ရပါတယ်။ အရေးကြီးတာက စောစောက ပြောသလို ယူရီးယားဖျော်ရည်နှံ့အောင်ဖျန်းဖို့၊ သေချာနင်းသိပ်ဖို့နဲ့ လေလုံအောင် ရက်သတ္တနှစ်ပတ်၊ သုံးပတ်လောက်ဖုံးအုပ်ဖို့ပါပဲ။ အဲဒီလို ယူရီးယားနဲ့ ပြုပြင်တဲ့ ကောက်ရိုးကို ကျွဲ၊ နွားတွေကိုကျွေးရင် ပိုပြီး စားတဲ့အပြင် ကြီးထွားနှုန်းကောင်းတာ၊ ရောဂါခံနိုင်ရည်စွမ်းအားရှိတာ ဖြစ်စေပါတယ်။ ဒီအတွက်ကြောင့် လွယ်ကူတဲ့ ဒီနည်းကို ကျွန်တော်တို့ တောင်သူတွေ လုပ်ကြဖို့လိုပါတယ်။”

“အေး... ကောင်းပါပြီ။ စောစောက မင်းပြောတဲ့ ယူရီးယားပြုပြင်ကျွေးမွေးတဲ့အပြင် အာဟာရဖြည့်နွားစာတုံးဆိုတာကရော ဘာလဲ။ ဘယ်လိုလုပ်တာလဲ။”

“အာဟာရဖြည့်နွားစာတုံးဆိုတာက ကောက်ရိုးနဲ့ ပဲဖတ်၊ နှမ်းဖတ်၊ ကစီဓာတ်နဲ့ ဆားရောပြီး အတုံးလုပ်ထားတာပါ။ အဲဒီအာဟာရဖြည့်နွားစာတုံးမှာ ကောက်ရိုး ၈၅ ရာခိုင်နှုန်း၊ ပဲဖတ်၊ နှမ်းဖတ် ၄ ဒသမ ၅ ရာခိုင်နှုန်း၊ ကစီဓာတ်(ကော်မှုန့်) ၇ ဒသမ ၅ ရာခိုင်နှုန်း၊ ဆားတစ်ရာခိုင်နှုန်းနဲ့ အာဟာရစုံ နှစ်ရာခိုင်နှုန်းထည့်ပြီး လုပ်ထားတာပါ။ ကျွဲ၊ နွားတွေ ပင်ပန်းပြီး အားအင်ကုန်ခန်းတဲ့အခါ ကျွေးမွေးဖို့၊ ခရီးသွားတဲ့အခါ အလွယ်တကူသယ်ယူနိုင်ဖို့လုပ်ထားတာပါ။ ဒါ့အပြင် ကျွန်တော်စောစောက ပြောသလို ကောက်ရိုးကနေ ပျော့ဖတ်ကတစ်ဆင့် စက္ကူလုပ်တာ၊ ကောက်ရိုးအသုံးပြုပြီး ကောက်ရိုးမှိုစိုက်တာ၊ တီကျစ်မြေဩဇာထုတ်တာ၊ ယုတ်စွအဆုံး ကောက်ရိုးကိုမီးရှို့ပြီး လျှပ်စစ်စွမ်းအားထုတ်တာ (Gasifier)အထိ လုပ်လို့ရပါတယ်။ အဲဒါကြောင့် ကောက်ရိုးက ကျွဲနွားတွေအတွက် အစားအစာဖြစ်တဲ့အပြင် စနစ်တကျအသုံးချမယ်ဆိုရင် ကျွန်တော်တို့လူသားတွေအတွက် ရွှေဖြစ်မှာဖြစ်တဲ့အတွက် **“ရွှေကောက်ရိုး”** ပါ။

“မင်းမှ အပြောကောင်း **‘ရွှေကောက်ရိုး’** ရယ်လို့။”

ကျွန်တော့်စကားကို အစ်ကိုကြီးက မှတ်ချက်ချလိုက်ခြင်းဖြစ်ပါသည်။ ။

# သက်တမ်းရင့်ရေနံမြေများတွင် အထွက်တိုးစေရန်အတွက် ပေနက်တွင်းများ အောင်မြင်စွာတူးဖော်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် မေ ၃၀

သက်တမ်းရင့်ရေနံမြေများတွင် အထွက်တိုးစေရန်အတွက် ပေနက်တွင်းများ အောင်မြင်စွာ တူးဖော်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ရေနံမြေဒေသအသီးသီး၏ လုပ်ငန်းတိုးတက်မှုအခြေအနေများ သုံးသပ်ဆွေးနွေးခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးကို စီမံဆောင်ရွက်လျက်ရှိရာ သက်တမ်းရင့်ရေနံမြေများတွင် ပေနက်တွင်းများတူးဖော်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရယူရခြင်းသည် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်ပါကြောင်း၊ ရေနံထုတ်လုပ်မှုသမိုင်းကြောင်းတွင် မြေအောက်၌ နက်ရှိုင်းစွာတည်ရှိနေသည့် အလားအလာကောင်းသော ဟိုက်ဒရိုကာဗွန်ပါဝင်သည့် သဲကြောများသို့ ရောက်ရှိသည်အထိ အောင်မြင်စွာ တူးဖော်နိုင်ခြင်းမရှိသည့်အတွက် ထုတ်လုပ်နိုင်ခဲ့ခြင်းမရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြီးမြောက်အောင်တူးဖော်မည့် တွင်းသစ် နှစ်တွင်းသည် ရေနံထွက်ရှိရန် အတည်ပြုထားပြီးဖြစ်သည့် ပေနက်သဲကြောဖြစ်၍ ရည်မှန်းချက်အနက်ထိ ရောက်ရှိအောင် တူးဖော်ပြီး သမိုင်းမှတ်တိုင်သစ်စိုက်ထူရန် ကြိုးစားကြစေလိုကြောင်း၊ တူးဖော်မည့် တွင်းသစ်နှစ်တွင်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကိုယ်တိုင်တူးဖော်၍ MPRL E&P Companyမှ နည်းပညာနှင့်အတွေ့အကြုံများ မျှဝေကူညီပေးမည်ဖြစ်၍ မြန်မာနိုင်ငံသားများကိုယ်တိုင် ကြိုးစားဆောင်ရွက်ကြမည်ဖြစ်ရာ လုပ်ငန်းအပေါ်တွင် တန်ဖိုးထားဂုဏ်ယူသည့်စိတ်များဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထိုနောက် MPRL E&P Company နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်များက ပေနက်တွင်းများတူးဖော်ခြင်းနှင့် စပ်လျဉ်း၍ နည်းပညာများနှင့် အတွေ့အကြုံများကို တင်ပြဆွေးနွေးကြပြီး တက်ရောက်လာကြသူများက တူးဖော်မည့် ပေနက်တွင်းများအတွက် ပြုလုပ်ထားသည့် ဒီဇိုင်း၊ တွေ့ကြုံရနိုင်သည့် အခက်အခဲများနှင့် ကြိုတင်ပြင်ဆင်ထားရှိမှုများအပေါ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အစီအစဉ်ဒုတိယပိုင်းအနေဖြင့် ရေနံမြေအသီးသီးမှ အထွေထွေမန်နေဂျာများက လက်ရှိထုတ်လုပ်နေမှုနှင့် တိုးတက်ထုတ်လုပ်ရန် သုတေသနပြုအောင်မြင်မှုများကို တင်ပြခြင်း၊ နည်းပညာအသုံးပြု၍ ဆောင်ရွက်နေမှုများကို တင်ပြခြင်း၊ လုပ်ငန်းအတွေ့အကြုံများ မျှဝေခြင်း၊ ဆောင်ရွက်သွားမည့်အစီအမံများနှင့် အခက်အခဲများ တင်ပြခြင်းများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊ MPRL E&P Company မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ကျိုင်းတုံမြို့၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ကျိုင်းတုံ မေ ၃၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ-မိုင်းဆတ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျိုင်းတုံ-မိုင်းဆတ်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးနှင့် ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနောဆာဝူတို့က သစ်တောများ ပြုစုထိန်းသိမ်းခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ သစ်တောများ ပျက်စီးပြုန်းတီးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ၊ မြန်မာနိုင်ငံ သစ်တောများ ပျက်စီးရသည့်အကြောင်းရင်းများ၊ မီးခိုးမြူငွေ့အန္တရာယ် ကာကွယ်လျှော့ချရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောပြီး သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ချယ်ရီ၊ ခရေ၊ ကံ့ကော်ပင်များကို ကျိုင်းတုံ-မိုင်းဆတ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ပဲခူးမြို့နယ်၌ မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



ပဲခူး မေ ၃၀

၂၀၂၄ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြိုလှုပ်ရှားမှုအဖြစ် ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၉ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် ဘုရားကလေးကျေးရွာ အမှတ် (၃၃) သစ်စက် မြန်မာ့သစ်လုပ်ငန်းရုံးဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ပဲခူးတိုင်းဒေသကြီး သစ်ထုတ်ရေးမှ တိုင်းဒုအထွေထွေမန်နေဂျာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် မြန်မာ့သစ်လုပ်ငန်းမှ သစ်စက်မန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများက ကျွန်း၊ မလေးရှားပိတောက်၊ မန်ကျည်းရှား၊ မဟော်ဂနီ၊ သစ်ပိတောက်၊ အင်ကြင်းစသည့် အပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများက အခမ်းအနားသို့ တက်ရောက်လာသူများအား ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ် ခံနိုင်ရေး မြေယာ ပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

## မြောင်းမြမြို့တွင် မိုးရာသီအကြိုစုပေါင်းသစ်ပင် စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

မြောင်းမြ မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် မြို့နယ်သစ်တောဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် မြစိမ်းရောင်တောင်တော် သာသနာ့နယ်မြေ၌ ကျင်းပည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြောင်းမြခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ဒေသခံပြည်သူများ စုစုပေါင်း ၂၅၀ တို့က စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းသိရသည်။



အဆိုပါ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မန်ကျည်းရှားပင် ၆၀၀၊ မဟော်ဂနီပင် ၁၄၀၊ ကျွန်းပင် ၁၀၀ နှင့် မျောက်ငိုပင် ၂၀၀ စုစုပေါင်းပျိုးပင် ၁၀၄၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဇေယျာ (ပြန်/ဆက်)**

## နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၃၀

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ရမည်းသင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်



ရမည်းသင်း မေ ၃၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း မိုးဦးကာလ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရေးအတွက် မေလ တတိယအပတ်မှစ၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ပညာရေးဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်းကာ ကျောင်းမဖွင့်မီကာလ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ ဈေးနှင့်လူနေအိမ်များရှိ ရေလှောင်ကန်များ၊ ရေစည်၊ ရေအိုးများနှင့် ခြင်ပေါက်ပွားနိုင်သည့်နေရာများကို ပိုးလောက်လမ်းရှိ/ မရှိ စစ်ဆေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းဆောင်ရွက်ခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အဘိတ်ဆေးခပ်ခြင်းလုပ်ငန်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ ဆက်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု ဆက်လက်ဆောင်ရွက်



နေပြည်တော် မေ ၃၀

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ သတ်မှတ်၍ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကို တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်၏ ပဉ္စမရက်ဖြစ်သည့် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၅၉၅၉၂၈၃ ဦးရှိပြီဖြစ်ကြောင်း သိရှိရသည်။ ထိုသို့ ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်နေသည့် ဆရာ ဆရာမများနှင့် ကျောင်းများ၏ လုံခြုံရေး၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မြဝတီမြို့၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

မြဝတီ မေ ၃၀

မြဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ယနေ့နံနက် ၈ နာရီက ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပခဲ့ရာ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်စီမံအဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများနှင့် အလှူရှင်မဟာမင်္ဂလဓမ္မဇောတိကဓဇ ဗောဓိကဓရ ဦးစောတင်ဝင်းနှင့် ဇနီး သီရိသုဓမ္မသင်္ဂီ ဒေါ်နန်းမြင့်မြင့်ဝင်း (ရွှေမြစ်သောင်ရင်းကုမ္ပဏီမိသားစု) က လှူဒါန်းပေးသည့် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၅၀၀၀၊ ကွန်ပါဘူး ၅၀၀၀ တို့အား တစ်ဦးချင်းအလိုက် ခွဲဝေထောက်ပံ့ပေးအပ်သည်။

မြဝတီမြို့နယ်အနေဖြင့် အခြေခံပညာကျောင်း ၆၈ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်း၊ ကိုယ်ပိုင်ကျောင်း ခြောက်ကျောင်း စုစုပေါင်း ၇၉ ကျောင်းတို့၌ မေ ၂၃ ရက်မှစတင်၍ ကျောင်းအပ်လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

# သထုံမြို့နယ်၌ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

သထုံ မေ ၃၀

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက သထုံမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

အခမ်းအနားတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကား ပြောကြားသည်။

ယင်းနောက် ခရိုင်ပညာရေးမှူး ဦးခဲမိုင်းက ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေသည့် ကလေးတိုင်း ကျောင်းနေမြဲရေးတို့ အတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး တွဲဖက်တာဝန်ခံ ဒေါ်သန်းဆင့်က အခမဲ့ပညာရေးစနစ်အတွက် နိုင်ငံတော်က ထောက်ပံ့ပေးမှု အခြေအနေများနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတို့က ပညာရေးဝန်ကြီးဌာနက အခမဲ့ဖြန့်ဝေသည့် ကျောင်းသုံးဗလာစာအုပ်၊ ပုံနှိပ်စာအုပ်၊ ကျောင်းသုံးပစ္စည်းများနှင့် ကျောင်းဝတ်စုံကို ထောက်ပံ့ပေးအပ်ရာ အခြေခံပညာကျောင်းအလိုက် တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျောက်တံတားမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အထက(ကျောက်တံတား)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြို့နယ်အဆင့်ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကျော်ကျော်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်လှလှဝင်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနက (အခမဲ့) ပေးအပ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံသို့ ပေးအပ်ခဲ့ကြပြီး ကျောင်းသုံးစာရေးကိရိယာများကိုလည်း Link Company က ကျောင်းသား ကျောင်းသူများထံ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။



သဇင်(ပြန်/ဆက်)

# တနင်္သာရီမြို့နယ်၌ နွေရာသီကိုယ်လုံပညာ(လက်တွေ့)သင်တန်းဆင်းပွဲ ကျင်းပ



တနင်္သာရီ မေ ၃၀

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် နွေရာသီကိုယ်လုံပညာ(လက်တွေ့)သင်တန်းဆင်းပွဲ အခမ်းအနားကို မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမအတွင်း ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်စုဝင်းတို့ကသင်တန်းဆင်းအမှာစကားများ ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးက သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ချီးမြှင့်ပေးပြီး လက်တွေ့နည်းပြဆရာ ဦးသန့်ဇင်ဝင်းနှင့် ဦးညီညီထက်တို့နှစ်ဦးအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်စုဝင်းက ထောက်ပံ့ငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပေးကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ကျုံပျော်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ကျုံပျော် မေ ၂၀

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ကျုံပျော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ပြုလုပ်သည်။



အခမ်းအနားတွင် ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပညာရေးဌာန ငွေစုငွေချေး သမဝါယမအသင်းနှင့် GEC သမဝါယမအသင်း တာဝန်ရှိသူများက ထောက်ပံ့ငွေကျပ် လေးသိန်း၊ ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများအား ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးသန်းဦးနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# ရေးမြို့နယ်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရေး မေ ၂၀

ရေးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်စံညွှန့်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ရေးမြို့နယ် မြို့နယ်ပညာရေးမှူးက မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သော ကျောင်းဝတ်စုံနှင့် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံများကို ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တွံတေး၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

တွံတေး မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်စန်းရီ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးမျိုးဦးက လုံခြုံရေးကိစ္စရပ်များဆွေးနွေးကာ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်မြချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ထို့နောက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသော ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံ၊ ပုံနှိပ်စာအုပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ပေးအပ်ကြကြောင်း သိရသည်။ မျိုးလှိုင်(တွံတေး)



# ဘီးလင်းမြို့နယ်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ဘီးလင်း မေ ၂၀

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဘီးလင်းမြို့ အထက(ကန်သာယာ)ကျောင်း မဟော်သဓာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ရီက ကျောင်းအပ်နှံမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘီးလင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်၊ ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းတင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသိန်းသန်းစိုးတို့က နိုင်ငံတော်မှထောက်ပံ့ပေးအပ်သော ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံများအား သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများထံသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# လင်းခေးမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

လင်းခေး မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လင်းခေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နန်းထားကြည်က ပညာရေးလမ်းညွှန်မှုများနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့အတွက် (အခမဲ့)ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် မူလတန်းအတွက် ကျောင်းဝတ်စုံများကို ပေးအပ်ခဲ့ကြရာ လင်းခေးအထကကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခမ်းအောင်နှင့် မူလတန်းကျောင်းအုပ်တာဝန်ရှိသူတို့က လက်ခံရယူကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# ကျိုက်မရောမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ကျိုက်မရော မေ ၂၀

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက-ကျိုက်မရော ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စုစုဌေးက မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျိုက်မရောမြို့နယ် အခြေခံပညာကျောင်းများအတွက် နိုင်ငံတော်ကအခမဲ့ထောက်ပံ့ပေးအပ်သော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များနှင့် ခဲတံ၊ ဘောပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်းသိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

# ပန်းတောင်းမြို့၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ပန်းတောင်း မေ ၂၀

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ပန်းတောင်း) မဉ္ဇူသကခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးသန်းလွင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးသိန်းဒန်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း ကျောင်းသား ကျောင်းသူများ လက်ခံရရှိမှုအခြေအနေအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနက ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ပေးအပ်သော ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များအား ဌာနဆိုင်ရာအကြီးအကဲများက သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)



## ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာ ထိပ်သီးဆွေးနွေးပွဲကျင်းပ




**ဂျီနီဗာ မေ ၃၀**

၂၀၂၄ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာထိပ်သီးဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ယနေ့ကျင်းပခဲ့ကြောင်း သိရသည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးကို ဆွစ်ဇာလန်အစိုးရ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးသမဂ္ဂနှင့် ကုလသမဂ္ဂ အဖွဲ့အစည်း ၄၀ တို့က ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ ယင်းထိပ်သီးဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဉာဏ်ရည်တုနည်းပညာကို ကျန်းမာရေး၊ရာသီဥတုအရေး၊ ကျားမ တန်းတူညီမျှရေး၊ ကမ္ဘာလုံးဆိုင်ရာ သာယာဝပြောရေးနှင့် အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အသုံးပြုရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ယခုကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲသို့ အစိုးရတာဝန်ရှိသူများ၊ ပညာရှင်များနှင့် စက်မှုလုပ်ငန်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



## အိုက်စလန်နိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံများနှင့် ခရီးသွားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**ရေကျာဗစ် မေ ၃၀**

အိုက်စလန်နိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံများနှင့် ခရီးသွားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါမီးတောင်ပေါက်ကွဲမှုသည် ပဉ္စမအကြိမ် ပေါက်ကွဲခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

အိုက်စလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မီးတောင်အလှုပ်ရှားဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။

အိုက်စလန်နိုင်ငံ အနောက်တောင်ပိုင်းရှိ Reykjanes ကျွန်းဆွယ်တွင် နောက်ဆုံးမီးတောင်ပေါက်ကွဲမှုသည် မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် ဖြစ်ပွားခဲ့ကြောင်း အိုက်စလန်မိုးလေဝသအာဏာပိုင်များက ပြောကြားသည်။

မြေမျက်နှာပြင်ပေါ်ရှိ အက်ကွဲကြောင်းတစ်ခုမှ အနီရောင်ချော်ရည်များ နေရာအနှံ့ပြန့်ကျဲနေသည်ကို မှတ်တမ်းတင် ဗီဒီယိုဖိုင်များတွင် တွေ့မြင်နိုင်သည်။

အဆိုပါ မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသည့် အက်ကွဲကြောင်းသည် အရှည်နှစ်ကီလိုမီတာကျော်ရှိသည်ဟု အိုက်စလန်အာဏာပိုင်များက ပြောကြားသည်။ မီးတောင်ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွား လျက်ရှိသည့်အတွက် နိုင်ငံ၏ အနောက်တောင်ပိုင်းမြို့ ဂရင်ဒါဗစ်ခ်တွင် နေထိုင်သူ ၄၀၀၀ နီးပါးသည် အဆိုပါနေရာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

ချော်ရည်များ စိမ့်ထွက်နေသော ဧရိယာကျယ်ပြန့်လာသဖြင့် မြို့တွင်းရှိလူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန်တာဝန်ရှိသူများက တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၌ အပူချိန် ၅၂ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်

**နယူးဒေလီ မေ ၃၀**

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ အနောက်မြောက်ဘက်ရှိ မန်ဂတ်ရှ်ပါဒေသတွင် အပူချိန် ၅၂ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်သို့ ရောက်ရှိခဲ့ပြီး စံချိန်တင် အပူချိန်မြင့်တက်ခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

၎င်းစံချိန်တင်အပူချိန်ကို ယနေ့မွန်းလွဲ ၂ နာရီ ၃၀မိနစ်တွင် ဒေသခံမိုးလေဝသဌာနက မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ မန်ဂတ်ရှ်ပါဒေသနှင့် နာရီလာဒေသများတွင် မေ ၂၈ ရက်က အပူချိန် ၄၉ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ပြီး နဂျာဂတ်ရှ်ဒေသတွင် ၄၉ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့သည်။ ပြီးခဲ့သည့်ရက်များအတွင်းကစတင်၍ အပူချိန်များမြင့်တက်လာကြောင်း မိုးလေဝသတာဝန်ရှိသူများက ပြောကြားသည်။ သို့ရာတွင် နိုင်ငံအနောက်မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင်မူ ယနေ့မှစတင်၍ အပူချိန်များ တဖြည်းဖြည်းကျဆင်းလာမည်ဟု သိရသည်။

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်မှ အမျိုးသားတစ်ဦး အပူဒဏ်ကြောင့် မြို့တော် ဒေလီရှိ ဆေးရုံတစ်ခု၌ သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားခဲ့သည်။ အသက် ၄၀ နှစ်အရွယ်အမျိုးသားသည် ဆေးရုံသို့တက်ရောက်ကုသခဲ့ရာတွင် ခန္ဓာကိုယ်အပူချိန် ၄၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားပြီးနောက် ခန္ဓာကိုယ်အစိတ်အပိုင်း အများအပြားပျက်စီးကာ သေဆုံးသွားခဲ့ကြောင်းနှင့် ယခုအချိန်အထိ ဒေလီတွင် ပထမဆုံး အပူဒဏ်ကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ထိုင်းနိုင်ငံတွင် အပင်အခြေခံထုတ်လုပ်သည့် အသားတုနှင့် ပင်လယ်စာတုများရောင်းချသည့်ပြပွဲ ကျင်းပ

**ဗန်ကောက် မေ ၃၀**

ထိုင်းနိုင်ငံ၏ အပင်အခြေခံထုတ်လုပ်သည့် အသားတုနှင့် ပင်လယ်စာတုများရောင်းချမည့် ပြပွဲကို ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

၎င်းပြပွဲတွင် နိုင်ငံပေါင်း ၅၀ မှ လုပ်ငန်း ၃၀၀၀ ခန့် ပါဝင်ပြသရောင်းချခဲ့ကြသည်။ ယင်းပြပွဲတွင် ပါဝင်ရောင်းချမည့်အစားအစာများတွင် ပဲဖြင့်ပြုလုပ်သည့်တူနာငါး၊ ပိန္နဲသီးဖြင့်ပြုလုပ်ထားသည့် ကဏန်းစသည့် စားသောက်ကုန်များကို ရောင်းချမည်ဖြစ်သည်။ ကမ္ဘာ့ဈေးကွက်သို့ ၂၀၂၅ခုနှစ်အရောက်တွင် အသားတု ထုတ်ကုန်တန်ဖိုး ကန်ဒေါ်လာ ၇၆ဘီလီယံအထိရောက်ရှိမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ် အရောက်တွင် ကန်ဒေါ်လာဘီလီယံ ၈၀၀အထိ ရောက်ရှိမည်ဖြစ်ကြောင်း မစ်ဆူဘီရှိ သုတေသနအင်စတီကျူက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– စိုးသူရ**

## ဂျပန်အစိုးရက ဆိုလာဆဲလ်မျိုးဆက်သစ်တစ်မျိုး နိုင်ငံအတွင်း စတင်အသုံးပြုရန် ရည်မှန်း

**တိုကျို မေ ၃၀**

ဂျပန် စက်မှုဝန်ကြီးဌာနသည် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်မှုများ ပြင်းထန်လာချိန်တွင် ၂၀၄၀ ပြည့်နှစ်မတိုင်မီ ကယ်လ်စီယမ် တိုက်တေနီယမ်အောက်ဆိုက် သတ္တုဓာတ်ဖြင့်ပြုလုပ်ထားသည့် ဆိုလာဆဲလ်များကို နိုင်ငံအတွင်း စတင်အသုံးပြုရန် ရည်မှန်းထားကြောင်း သိရသည်။



အဆိုပါဆိုလာဆဲလ်ထုတ်လုပ်သူများ အပါအဝင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများမှ တာဝန်ရှိသူများပါဝင်သည့် အကြံပေးကောင်စီသည် ရည်မှန်းချက် အောင်မြင်ရန်အတွက် လမ်းပြမြေပုံတစ်ခုရေးဆွဲရန် ၎င်း၏ ပထမဆုံးအကြိမ် အစည်းအဝေးကို မေ ၂၉ ရက်တွင် ပြုလုပ်ခဲ့သည်။

အရေအတွက် အများအပြား ထုတ်လုပ်နိုင်ရန်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်ဆိုင်ရာ နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်း ဆိုလာဆဲလ်များသည် ပြည်တွင်းတွင်ရရှိနိုင်သည့် အိုင်အိုဒင်းဓာတ်များဖြင့် ပြုလုပ်ထားသောကြောင့် ဂျပန်နိုင်ငံနှင့် သင့်လျော်ကြောင်း ဆိုလာဆဲလ် ထုတ်လုပ်သူများက ပြောကြားသည်။

ဆဲလ်များသည် အရည်အသွေးကောင်းပြီး ပေါ့ပါးပျော့ပျောင်းသည့်အတွက် အဆောက်အအုံနံရံများတွင် တပ်ဆင်နိုင်သည့်အပြင် တန်ဖိုးနည်းပါးစွာဖြင့် အရေအတွက်အများအပြား ထုတ်လုပ်နိုင်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမငါးလအတွင်း စီမံကိန်းပေါင်း ၆၄၈၀၀ ကို စတင်ဆောင်ရွက်လျက်ရှိ

**ဟနွိုင်း မေ ၃၀**

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမငါးလအတွင်း ဗီယက်နမ်ဒေါင် ၆၀၁ ဒသမ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၆ ဘီလီယံ) ကျော် တန်ဖိုးရှိသည့် စီမံကိန်းပေါင်း ၆၄၈၀၀ ကို စတင်ဆောင်ရွက်လျက်ရှိကြောင်း အထွေထွေစာရင်းအင်းရုံးမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**၅ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာ**

အဆိုပါအရေအတွက်သည် စီးပွားရေးလုပ်ငန်းအရေအတွက် ၄ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာပြီး အရင်းအနှီးပမာဏအားဖြင့် ၅ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းသစ်များတွင် အလုပ်သမားစုစုပေါင်း ၄၂၆၄၀၀ ကို အလုပ်အကိုင် ဖန်တီးပေးလျက်ရှိပြီး ယမန်နှစ် အလားတူကာလထက် အလုပ်အကိုင်ဖန်တီးမှု ၅ ရာခိုင်နှုန်း မြင့်တက်လာသည်။

၂၀၂၄ ခုနှစ် ပထမငါးလတွင် လုပ်ငန်းအသစ်တစ်ခု၏ ပျမ်းမျှအရင်းအနှီးငွေပမာဏသည် တစ်နှစ်ထက်တစ်နှစ် ၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ငွေကြေးအားဖြင့် ဒေါင် ၉ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၆၅၃၀၀) မြင့်တက်လာကြောင်း သိရသည်။

ထို့ပြင် ပထမငါးလအတွင်း လုပ်ငန်းပေါင်း ၃၄၁၀၀ နီးပါးသည် ၎င်းတို့၏ လုပ်ငန်းများကို ပြန်လည်စတင်ခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူ ကာလထက် ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တနင်္သာရီမြို့နယ် သိန္ဓောကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် နေအိမ်များထိခိုက်ပျက်စီးသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၃၀

တနင်္သာရီမြို့နယ် သိန္ဓောကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ နယ်မြေခံတပ်ရင်း ဌာနချုပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၂၄ ရက်တွင် လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ကျေးရွာရှိနေအိမ်များ ထိခိုက်ပျက်စီးခဲ့ရ ကြောင်းနှင့် ဒေသခံပြည်သူများလည်း ထွက်ပြေးတိမ်းရှောင်နေကြကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**လက်နက်ကြီးပစ်ခတ်မှုမရှိ**

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိန္ဓောကျေးရွာနှင့်အနီးဝန်းကျင်တွင် လွန်ခဲ့သည့်ရက်သတ္တပတ်များက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည့်အတွက် ကျေးရွာနေပြည်သူများ စိုးရိမ်ထိတ်လန့်၍ ခေတ္တတိမ်းရှောင်နေကြခြင်းဖြစ်ပြီး တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးပစ်ခတ်မှုမရှိကြောင်း သိရသည်။

PDFအမည်ခံ အကြမ်းဖက်သမားများသည် တိုက်ပွဲများဖော်ဆောင်ရာ၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ထောက်ထားငဲ့ညှာမှုမရှိဘဲ ဒေသခံပြည်သူများ၏နေအိမ်များကို အကာအကွယ်ယူတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ကျေးရွာများအတွင်းသို့ ပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်များပေါ်တွင် တပ်မတော်အပေါ်အပြစ်ပုံချကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၂၉ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Mg San" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာ(အနောက်)ရပ်ကွက်နေ စန်းဝင်းဌေး(ခ)မောင်စန်းအား ည ၈ နာရီ ၁၀ မိနစ်တွင် အောင်မြေသာစံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၁-၆-၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၂၂) တွင် သူငယ်ချင်းများက သူ့အပေါ်တွင် မည်သို့ပင် ပြောဆိုဆက်ဆံသော်လည်း သည်းခံကာ ကူညီပေးတတ်သော ပုပုအကြောင်း တင်ဆက်ထားသည့် "သူငယ်ချင်း" မျက်နှာဖုံးကာတွန်း၊ ရေကို တန်ဖိုးထား၍ စနစ်တကျ သုံးစွဲကြရန်နှင့် ရေထုညစ်ညမ်းမှုမဖြစ်အောင် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းသင့်ကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "ရေချိုသံယဇာတကို ထိန်းသိမ်းကြပါစို့" သုတဆောင်းပါးကဏ္ဍ၊ သူငယ်ချင်းတူးမာနှင့်အတူ ပန်းချီသင်တန်းတက်ချင်သည့်ဖိုးလပြည့်အကြောင်း တင်ဆက်ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ မိဘဆိုသည်မှာ သားသမီးများကိုသူတို့အသက်ထက်ပင် ချစ်မြတ်နိုးကြောင်းကို နားလည်သဘောပေါက်သွားသည့် ထွန်းတောက်အကြောင်း ရေးသားထားသည့် "မေမေ့ကို မမုန်းတော့ပါ" ဝတ္ထုကဏ္ဍ၊ သူငယ်ချင်းများကို အစအနောက်သန်သည့် "လင်းသစ်" အကြောင်း တင်ဆက်ထားသည့် "လင်းသစ်" တစ်မျက်နှာ ကာတွန်း၊ ကြွက်တွေ၏ အကင်းပါးမှုကြောင့် ကြောင်နက်ကြီး၏ရန်မှ လွတ်မြောက်သွားသည့်အကြောင်း ရေးသားထားသည့် "ဉာဏ်များတဲ့ ကြောင်နဲ့ အကင်းပါးတဲ့ ကြွက်" ပုံပြင်ကဏ္ဍ၊ ဖေဖေသည် မေမေကလွဲ၍ မည်သည့်အရာမျိုးကို မဆိုမကြောက်တတ်ဘူး ဆိုသည်ကို ကြွားချင်သည့် ဖြိုးရဲ့အကြောင်း တင်ဆက်ထားသည့် "ကြွားလိုက်မယ်" နှစ်မျက်နှာကာတွန်း၊ ဒုက္ခရောက်နေသူကို ကူညီပေးရမည်မှာ လူငယ်တို့၏ တာဝန်သာဖြစ်သင့်ကြောင်း ခံယူထားသော "ဖိုးသောကြာ" အကြောင်း တင်ဆက်ထားသည့် "ကူညီတတ်သောစိတ်" နှစ်မျက်နှာကာတွန်း၊ တိုက်ခန်းတစ်ခန်းတွင် ဆူညံမှုနှင့်ပတ်သက်ပြီး အိမ်နီးချင်းတိုက်ခန်း အချင်းချင်း ပြောဆိုသည့်အကြောင်းကို ရေးသားထားသည့် "ရွှေသွေးစကားဝိုင်း" ကဏ္ဍ၊ ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၅-၂၀၂၄ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (အာဋာနာဋိယသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | နှလုံးကျန်းမာဖို့အထူးအလေးပေးဆောင်ရွက်စို့ |
| ၀၉:၃၅ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူမှုစီးပွားသတင်းများ |
| ၁၂:၃၅ | မြန်မာဇာတ်လမ်းတွဲ 'အခဝ်းနားဆုံးသစ်ပင်' (အပိုင်း-၂၀) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ' (ဇာတ်သိမ်းပိုင်း) |
| ၁၅:၂၅ | လူငယ်ရေးရာအစီအစဉ် |
| ၁၆:၃၅ | မျိုးဗုဏ်တင့်စေဆိုကရေးတီးအငွေ |
| ၁၇:၀၅ | ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ |
| ၁၇:၂၀ | Weekly Sports Info |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ 'အခဝ်းနားဆုံးသစ်ပင်' (ဇာတ်သိမ်းပိုင်း) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | 'Friendly Music Concert MRTV Orchestra' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၂၂:၂၀ | မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့နှီးလေး' (အပိုင်း-၁၅) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: An Da Yel Kin (Htar) |
| 07:10 | Kay Tu Mar Lar "The Decision" |
| 07:22 | Secret Recipes by Gourmet Chefs (Thai) |
| 07:54 | World No-Tobacco Day (31st May) |
| 08:01 | News |
| 08:26 | Global Updates: Can tropical cyclones cross the equator |
| 08:30 | Journey To The Mogok (Part-1) |
| 08:52 | Myanmar Traditional Snacks: Sago Syrup with Sweet Potato |
| 09:01 | Myanmar Puppeteers (Tha Nge Taw Dance) |
| 09:11 | Thilawa SEZ Thriving Model Special Economic Zone |
| 09:38 | Tray Art Products |
| 09:48 | Myanmar-Korea Song (6) |
| 10:01 | News |

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
လင်းဒေးမြို့ရဲ့ကြံသကာချက်နည်း

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
'ဝ'ဘာသာစကားပြောကြရအောင်(အရောင်အဆင်းဆိုင်ရာဝေါဟာရများ)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
မျဉ်းနှစ်ကြောင်းရဲ့ချစ်ခြင်း (ဇာတ်လမ်းတို)

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၅)

**စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက်ပြုလုပ်နည်း

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ထမင်းကြမ်းခဲ၏တန်ဖိုး(ဇာတ်လမ်းတို)

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း(လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
အုံ့ဖွယ်သစ္စာရှင်အောက်ချင်းမောင်နှံ

**ချင်း(ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
နာခေါင်းပလွေမှုတ်

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ရာသီစာသပြေသီးဟင်းလျာ

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
သပြေသီးရဲ့ကျန်းမာရေး

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၀၉:၄၅ | ရသစုံစွာကျဲမြေကမ္ဘာ |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၂:၄၅ | SPORTS MAX |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၂) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂) |
| ၁၈:၀၀ | Economic Review |

### MRTV FARMERS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၁၅ | တောင်သူအကျိုးရည်မျှော်ကိုးရေးနှန်းချိုသာယူရီးယားမြေဩဇာ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | မကြွေပါနဲ့ဆာကူရာ(ဇာတ်လမ်း) |
| ၂၂:၀၀ | The Birth of Sake (နိုင်ငံခြားဇာတ်လမ်း) |
| ၂၃:၃၀ | Creating Your Own Fertility\| Successes and Challenges at Assawaga Farm |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၀၀ | အားကစားသတင်း |
| ၀၇:၄၀ | Socer View |

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ(၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## အမ်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ဆောင်ရွက်ပေးသော အခြေခံစားကုန်ပစ္စည်းများရောက်ရှိ၊ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး



နေပြည်တော် မေ ၃၀

ရခိုင်ပြည်နယ်အတွင်း AA အကြမ်းဖက်သောင်းကျန်းသူများက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်အပြင် ဆက်သွယ်ရေးလမ်းကြောင်းများအား နည်းမျိုးစုံဖြင့် ဖြတ်တောက်ပိတ်ဆို့ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် အမ်းခရိုင်ရှိ ဒေသခံပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ တင်ဆောင်လာပြီး အမ်း-ပဒါန်း လမ်းကြောင်းအတိုင်း ထွက်ခွာလာသည့် ကုန်စည်ပို့ဆောင်ရေး အရပ်ဘက်မော်တော်ယာဉ် ၂၇ စီးသည် မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် အမ်းမြို့သို့ရောက်ရှိလာရာ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးကြီး သောင်းထွန်းနှင့် တာဝန်ရှိသူများ၊ အမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုကြသည်။

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ် စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ယနေ့မွန်းလွဲပိုင်းတွင် အမ်းမြို့ရှိ ရွှေအမ်းတောင်ခန်းမ၌ ဒေသခံပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ တစ်ခဲနက်ဝယ်ယူအားပေးကြသည်။

အမ်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



ပုသိမ် မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ငါးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (ပုသိမ်)၌ ကျင်းပခဲ့သည်။

ဦးစွာ သဘာပတိအဖြစ် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးစောအင်ဒရူးပန်းက နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ငါးနှစ်အတွက် အမှုဆောင် ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်း၍ တက်ရောက်လာသော ကိုယ်စားလှယ်များထံမှ အတည်ပြုချက် ရယူခဲ့ကြသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ တာဝန်ပေးထားသော ဖွဲ့စည်းရေးကော်မတီဝင်ငါးဦးဖြင့် အမှုဆောင်အသစ်များကို ခရိုင်အလိုက် ဆန္ဒမဲပေးရွေးချယ်ခဲ့ပြီး အမှုဆောင်အသစ်များက ကတိသစ္စာခံယူခဲ့ကြကြောင်း သိရကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲခဲ့သည့် သထုံမြို့နယ်ကိုယ်စားပြုအသင်းအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

သထုံ မေ ၃၀

မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲပြီး တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သည့် သထုံမြို့နယ်ကိုယ်စားပြုအသင်းအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက အနိုင်ရဘောလုံးအသင်းအား ပန်းကုံးစွပ်၍ ကြိုဆိုဂုဏ်ပြုကြသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အသင်းနည်းပြတစ်ဦးက ပြိုင်ပွဲကာလယှဉ်ပြိုင်ခဲ့မှု အခက်အခဲများနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးမှူးက ဂုဏ်ပြုပွဲပြုလုပ်ပေးခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားကြကာ နေ့လယ်စာဖြင့် တည်ခင်းကျွေးမွေးခဲ့ကြသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် သထုံမြို့နယ်ကိုယ်စားပြု အသင်းသည် ချောင်းဆုံမြို့နယ်ကိုယ်စားပြုအသင်းနှင့် နောက်ဆုံးယှဉ်ပြိုင်အနိုင်ရကာ နှစ်နှစ်ဆက်တိုက် တံခွန်စိုက်ဒိုင်းဆု ရရှိခဲ့ပြီး အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးအလယ်တန်းဆု၊ အကောင်းဆုံးဘောလုံးသမားဆု၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဘောလုံးသမားဆုတို့ကိုပါ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌ မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ပွဲနှင့် သဘာဝဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲကျင်းပ

ခရမ်း မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ဘိုကလေးကျေးရွာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှဝန်ထမ်းများက သဘာဝဘေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်၉ နာရီက ဘိုကလေးကျေးရွာ ဆိုင်ကလုန်းရှပ်တာခန်းမ၌ ကျင်းပသည်။

**လက်ကမ်းစာစောင်များဖြန့်ဝေ**

အသိပညာပေးဟောပြောဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲက အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဦးHကံထူးနှင့် ဝန်ထမ်းများက သဘာဝဘေးအသိပညာပေး ဟောပြောဆွေးနွေးပြီး သဘာဝဘေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။



ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့က ရှာဖွေကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုနည်း၊ အရေးပေါ်လူနာအသက်ကယ်နည်းတို့ကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**ကိုမင်း ( ခရမ်း )**



## နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မိတ္ထီလာ မေ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၆ နာရီခွဲတွင် နည်းပညာတက္ကသိုလ် (မိတ္ထီလာ)၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် နည်းပညာတက္ကသိုလ်(မိတ္ထီလာ)ရှိ ခရေဆောင်ပတ်ဝန်းကျင်၌ ခရေပင် ၅၀ ၊ ငုရွှေဝါ ၂၅ ပင်၊ ရေတမာ ၂၅ ပင်နှင့် ဇာဒံပင် ၁၀ ပင်တို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ကြွယ်နှင့် ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဧရာဝတီတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် သီးနှံများလျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး





ပုသိမ် မေ ၂၀

၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် သီးနှံများလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင်ပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးကို အနောက်တောင်မုတ်သုံလေဝင်ရောက်ခဲ့ပြီးဖြစ်ရာ ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီတွင် ရည်မှန်းချက်ပေးထားသည့်စိုက်ဧကပြည့်မီရေးနှင့် သီးနှံစုံ ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများအပေါ် ဌာနဆိုင်ရာများက ပေါင်းစပ်ညှိနှိုင်းပေးရန်ဖြစ်ကြောင်း၊ နွေစပါး ရိတ်သိမ်းပြီးစီးမှု ၉၈ ရာခိုင်နှုန်းကျော်ရှိပြီး တစ်ဧက ပျမ်းမျှ တင်း ၁၁၀ ကျော်ထွက်ရှိသဖြင့် ယခုနှစ်နွေစပါး ပန်းတိုင်အထွက်နှုန်းရောက်မည့်နှစ်ဖြစ်ကြောင်း၊ အစေ့ထုတ်ပြောင်းမှာ ပန်းတိုင်အထွက်နှုန်းရောက်ရှိပြီးဖြစ်ပြီး မိုးစပါးတစ်ဧက ၁၀၀ တင်းနှုန်း ပိုမိုထွက်ရှိရေးနှင့် မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်းပန်းတိုင်အထွက်နှုန်းရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်း သီးနှံများလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာဌာနများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြခဲ့ကြပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြည့်စွက်ရှင်းလင်းဆွေးနွေးတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၂၀

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မှော်ဘီလေတပ်စခန်း အားကစားခန်းမ၌ ကျင်းပရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ဗိုလ်မှူးချုပ် ကျော်သက်နိုင်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက တပ်မတော်(လေ)ပိုက်ကျော်ခြင်းအသင်း၏ သရုပ်ပြခတ်ကစားမှုနှင့် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇွန် ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# အင်္ဂပူမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



အင်္ဂပူ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သစ်တောဦးစီးဌာန၏ စီစဉ်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ကျောင်းကွင်း ကျေးရွာအုပ်စုရှိ တောင်မြန်အောင်တိုးချဲ့ကြိုးဝိုင်းအကွက်အမှတ်(၂၀) ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင်အမှတ်(၆၅/၆) အနီး၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် အမှတ်(၅) တပ်မတော်တန်းမြင့်လေ့ကျင့်ရေး ကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇော်မြင့်ဦးနှင့် တာဝန်ရှိသူများက ပျိုးပင်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များထံ ပေးအပ်ခဲ့သည်။

ထို့နောက် အမှတ်(၅) တပ်မတော်တန်းမြင့်လေ့ကျင့်ရေး ကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇော်မြင့်ဦး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသော်မွန်းကိုနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်္ဂပူမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာဌေးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၂၁၀ ခန့်တို့က ကျွန်းပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၀၀၊ ရေတမာပင် ၁၀၀၊ ကံ့ကော်ပင် ၁၅၀၊ ခရေပင် ၁၅၀၊ ယူကလစ်ပင် ၂၅၀၊ မန်ကျည်းပင် ၂၅၀၊ မျောက်ငိုပင် ၁၀၀ စုစုပေါင်းအပင် ၁၂၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဥတုရာသီ
တောကိုမှီ၏

# တိုက်ကြီးမြို့နယ်၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

တိုက်ကြီး မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း (တိုက်ကြီး) အနော်ရထာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမိုးကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းစိုးနိုင်က သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေး၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်းနှင့် သစ်တောများမှ ပေးစွမ်းသော အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ဆွေးနွေးဟောပြောသည်။

ထို့နောက် တိုက်ကြီးမြို့နယ် လသာကုန်းပျိုးဥယျာဉ်အတွင်း သစ်ပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက သွားရောက်ကြည့်ရှုလေ့လာခဲ့ကြရာ တာဝန်ရှိသူများက သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းနည်းစနစ်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြင့်ဦး**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၅-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၆၅ | ၂၆၄၅ | ၂၆၂၀ | ၂၅၇၅ | ၂၆၄၅ | ၂၆၆၀ | ၂၆၇၀ | ၂၆၂၅ | ၂၇၅၅ | ၂၇၈၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၀ | ၂၆၇၀ | ၂၆၈၀ | ၃၀၉၀ | ၄၃၀၀ |
| 95 Ron | ၂၆၆၅ | ၂၇၄၀ | ၂၇၂၀ | ၂၆၇၅ | ၂၇၄၅ | ၂၇၅၅ | ၂၇၆၅ | ၂၇၂၅ | ၂၈၅၅ | ၂၈၈၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၈၀ | ၂၇၇၀ | ၂၇၈၀ | ၃၁၉၀ | ၄၄၅၀ |
| HSD (500 ppm) | ၂၃၃၀ | ၂၄၁၀ | ၂၃၈၅ | ၂၃၄၀ | ၂၄၁၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၉၀ | ၂၅၂၀ | ၂၅၅၀ | ၂၃၉၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၃၅ | ၂၄၄၅ | ၂၈၅၅ | ၄၄၀၀ |
| HSD (50 ppm) | ၂၃၈၀ | ၂၄၅၅ | ၂၄၃၅ | ၂၃၉၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၈၀ | ၂၄၄၀ | ၂၅၇၀ | ၂၆၀၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၉၀၅ | ၄၄၀၀ |
| HSD (10 ppm) | ၂၃၈၀ | ၂၄၅၅ | ၂၄၃၅ | ၂၃၉၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၈၀ | ၂၄၄၀ | ၂၅၇၀ | ၂၆၀၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၉၀၅ | ၄၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၃ | ၂၅၁၅ |
| 95 Ron | ၂၅၂၇ | ၂၆၁၁ |
| HSD (500 ppm) | ၂၂၀၄ | ၂၂၇၇ |
| HSD (50 ppm) | ၂၂၅၁ | ၂၃၂၅ |
| HSD (10 ppm) | ၂၂၅၁ | ၂၃၂၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# အနာဂတ်အတွက် ဆေးလိပ်ဖြတ်ကြပါစို့

◇◇◇◇◇◇◇◇◇◇◇◇◇◇ **လင်းလက်နေခြည်** ◇◇◇◇◇◇◇◇◇◇◇◇◇◇

### ကြိုးစားရမည့်ကာလ

နုနယ်ပျိုမြစ်သည့် အချိန်ကာလအပိုင်းအခြားတစ်ခုကို ပိုင်ဆိုင်ထားကြသည့် လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်မှုတို့ကို လက်လှမ်းမီနိုင်ရေး ကြိုးစားကြရမည်ဖြစ်သည်။ ဘဝတွင် ပျော်ရွှင်အောင်မြင်မှုကို ရယူနိုင်ရေး အားသွန်ခွန်စိုက် ကြိုးစားရမည့် လူငယ်ဘဝ အခိုက်အတန့်ကာလသည် အလွန်အရေးကြီးသည်။ မှန်ကန်သော ကြိုးစားအားထုတ်မှုများဖြင့် အောင်မြင်ကြီးပွားရေးလမ်းကြောင်းပေါ်သို့ရောက်ရှိနိုင်သကဲ့သို့ မှားယွင်းသောလုပ်ရပ်များကြောင့် ပျက်စီးကာ အဖတ်ဆယ်မရသည့် ဘဝသို့ရောက်ရှိနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ ခေတ်ရေစီးကြောင်း ပြောင်းလဲလာမှုနှင့်အတူ ကြီးပွားတိုးတက်ရေးအတွက် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည့်လူငယ်များကို ဘဝဇာတ်ခုံပေါ်မှ ကမောက်ကမ ထိုးကျသွားအောင် ဆွဲချနိုင်သည့် အရာများကလည်း များစွာပင်။

အရာရာကို စမ်းသပ်ကာ ကိုယ်တွေ့ကြုံမှုယုံမည်ဆိုသည့် လူငယ်များ၏ လက်အတွင်းသို့ အဆုတ်ရောဂါမှစ၍ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပေါင်းစုံနှင့် ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေတတ်သည့် ဆေးလိပ်ဆိုသောအရာက မဖိတ်ခေါ်ဘဲ ရောက်ရှိလာသည့်အခါ လူငယ်များ၏ အနာဂတ်သည် ဆေးလိပ်ငွေ့များနှင့်အတူ ဝေဝါးသွားတတ်သည်။ အသိပညာ၊ အတတ်ပညာတို့ကိုအပတ်တကုတ် အားထုတ်လေ့လာကာ ဘဝတက်လမ်းကို လျှောက်လှမ်းနေကြချိန်တွင် အနေမတတ်၍ ဆေးလိပ်လက်ကြားညှပ်မိရာမှ ရောဂါစွဲကပ်ကာ ဘဝပျက်သွားနိုင်သဖြင့် သတိပြုတတ်ဖို့သာဖြစ်သည်။ အရာရာကို လက်တည့်စမ်းလိုသည့် လူငယ်သဘာဝ အပြစ်ဟုမဆိုသာသော်လည်း လန်းဆန်းတက်ကြွသည့် ငယ်ဘဝကို ဒုက္ခမျိုးစုံရရှိစေမည့် ဆေးလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးဆိုသော အရာတို့သည်ကား ယောင်လို့ပင် ကိုင်၍မကြည့်သင့်သည့် အရာများပင် ဖြစ်သည်။

### လွမ်းစရာအတိမ့် စမ်းကာမကြည့်သင့်

ကမ္ဘာပေါ်တွင် အသက် (၁၃) နှစ်မှ (၁၅) နှစ်အကြား လူငယ် ၃၈ သန်းခန့်သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးနေကြသည်ကို တွေ့ရပြီး ထိုလူငယ်များ၏ သုံးပုံ၊ နှစ်ပုံခန့်သည် စီးကရက်ကို လက်တည့်စမ်းသည့်သဘောဖြင့် သောက်သုံးမိရာမှစ၍ ဆေးလိပ်စွဲလာကြသူများ ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ကင်ဆာရောဂါ ထိန်းချုပ်ရေးအဖွဲ့ (Union for International Cancer Control –UICC) ကတင်ပြထားသည်။ နည်းပညာတိုးတက်မှုနှင့်အတူ ဆေးလိပ်နည်းတူ လူငယ်များ၏ လက်အတွင်းသို့ ချင်းနင်းဝင်ရောက်လာသည့် အီးစီးကရက်ဆိုသောအရာများကလည်း လူငယ်များ၏ဘဝကို ခြိမ်းခြောက်၍လာနေပြီဖြစ်သည်။ အီးစီးကရက်ဆိုသော အရာတွင် ဆေးရွက်ကြီးမပါဝင်သည့်တိုင် နီကိုတင်းဆိုသည့် မသောက်ရလျှင် မနေနိုင်အောင် စွဲလမ်းစေသည့် ဓာတ်တစ်မျိုးက ကျန်းမာရေးဆိုးကျိုးများကို ပေးအပ်နိုင်သည်။ ဈေးကွက်အတွင်းသို့ အီးစီးကရက်များသည် ကြော်ငြာအားကောင်းကောင်း အသုံးပြုကာ လူငယ်များ၏စိတ်ကို ဆွဲဆောင်ဝင်ရောက်လာနေကြသည်။ အနံ့အရသာပေါင်း ၁၆၀၀၀ ခန့်ဖြင့် ရောင်းချလာသည့် အီးစီးကရက်များကို အသက် (၁၃) နှစ်မှ (၁၅) နှစ်အကြား လူငယ်များ ပိုမိုအသုံးပြုနေကြသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တင်ပြထားသည်။



လူငယ်များအနေဖြင့် စိတ်ခံစားမှုအရ ဆေးလိပ်သောက်ကြသည်ဟုဆိုပါလျှင် မကောင်းမှန်းသိသည့်ဆေးလိပ်ကို ဖြတ်နိုင်ဖို့ မိမိစိတ်ကို မိမိထိန်းနိုင်ရန်လိုသည်။ ဆေးလိပ်သောက်ရန် မည်သူတစ်ဦးတစ်ယောက်ကမျှ အတင်းအဓမ္မ စေခိုင်း၍မရပေ။ မိမိကိုယ်တိုင် ပြုမူဆောင်ရွက်မှသာ လုပ်၍ဖြစ်သော ဆေးလိပ်သောက်ခြင်းကို ဖြတ်မည်ဆိုပါက ကိုယ်တိုင်အသိစိတ်ရှိရန်သာ အဓိကပင်ဖြစ်သည်။ အချို့သောသူများသည် အရက်ဖြတ်လို၍ ဆေးလိပ်သောက်ကြသည်။ ဆေးလိပ်ဖြတ်လို၍ ကွမ်းစားကြသည်။ ဂျာအေးကို သူ့အမေရိုက်သကဲ့သို့ပင် ဖြစ်၍နေသည်။

### စနစ်တကျထိန်းချုပ်ရ

ဆေးလိပ်၊ စီးကရက်နှင့် အီးစီးကရက်များသည် ကြော်ငြာအားကောင်းကောင်းဖြင့် လူငယ်များ၏ စိတ်ကိုဆွဲဆောင်ကာ ဈေးကွက်အတွင်းသို့ အတင်းဝင်ရောက်နေကြသည်။ နိုင်ငံတကာအစိုးရများအနေဖြင့်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲမှုလျော့နည်းကျဆင်းလာစေရေးအတွက် နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်နေကြသည်။ အခွန်တိုးမြှင့်ကောက်ခံခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတိုင်းကပြုလုပ်လေ့ရှိသည့် နည်းလမ်းကောင်းများပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ပုဒ်မ ၄ အရ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး "ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ဖြစ်ပေါ်စေရေး၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း စွဲလမ်းမှုဖြတ်တောက်ရေး၊ အများပြည်သူသို့ အသိပညာပေးရေး" စသည့် လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေသည်ကို တွေ့ရသည်။

### ဆေးလိပ်မသောက်ရနေရာ

ဆေးလိပ်တွင်ပါဝင်သော နီကိုတင်းသည် နှလုံးသွေးကြောရောဂါများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကိုဖြစ်ပေါ်စေနိုင်ပြီး ကင်ဆာရောဂါအမျိုးအစား ၂၀ ကျော်ခန့်နှင့် အခြားသော ကျန်းမာရေးထိခိုက်မှုများကိုပါ ဖြစ်စေကာ နှစ်စဉ် လူဦးရေ ရှစ်သန်းခန့် အသက်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖော်ပြထားသည်။ ကိုယ်တိုင် ဆေးလိပ်သောက်သုံးခြင်းဖြင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ ရရှိနိုင်သကဲ့သို့ ဆေးလိပ်ငွေ့ကိုရှူရှိုက်မိသည့် မိမိပတ်ဝန်းကျင်ရှိသူများကိုပါ ထိခိုက်စေနိုင်သဖြင့် သတိပြုဆင်ခြင်အပ်ပေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တင်ပြချက်တစ်ရပ်တွင်မူ "နှစ်စဉ် ကမ္ဘာပေါ်တွင် အခြားသူများသောက်သုံးရာမှ လေထုအတွင်း ပျံ့နှံ့နေသည့် ဆေးလိပ်ငွေ့များကို ရှူရှိုက်ကာ တစ်ဆင့်ခံသောက်သုံးသူဖြစ်နေရသူ ၁ ဒသမ ၂ သန်းခန့်နှင့် ကလေးသူငယ် ၆၅၀၀၀ ခန့်တို့သည် အပြစ်မရှိဘဲ သေဆုံးနေရသည်"ဟု ဖော်ပြထားသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၆ အရ ဆေးရုံအဆောက်အအုံ၊ ရုံးခန်းပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊ ဆေးကုဂေဟာနှင့် ဆေးခန်းများ၊ အားကစားရုံနှင့် အမိုးအကာရှိသည့် အားကစားကွင်းများ၊ ကလေးကစားရုံနှင့် ကစားကွင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံတို့၏ သင်ကြားရေး အဆောက်အအုံ၊ စာသင်ခန်းနှင့် ရုံးခန်းများ၊ ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသည့် အဆောက်အအုံများ၊ ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိသည့် ဈေးရုံများ၊ ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံးစာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊ ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ၊ ခရီးသည်သယ်ယူပို့ဆောင်သော မော်တော်ယာဉ်နှင့် လေယာဉ်များ၊ လေအေးစက်တပ်ဆင်ထားသော အများပြည်သူသုံးအခန်းများ၊ အများပြည်သူသုံးခန်းမကြီးများ၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ သင်ကြားရေးအဆောက်အအုံ၊ စာသင်ခန်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် အများပြည်သူဆိုင်ရာ အခြားပရဝဏ်၊ အဆောက်အအုံနှင့်နေရာများကို ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများအဖြစ် သတ်မှတ်ဆောင်ရွက်နေသည်။

ထို့အပြင် "ရုံး၊ ဌာနတို့၏ အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံတို့၏ အဆောက်အအုံများ၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာတို့၏ အဆောက်အအုံများ၊ ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်နှင့် အဝေးပြေးကားဂိတ်တို့၏ အဆောက်အအုံများ၊ ပျော်ပွဲစားရုံများ၊ တစ်ဦးချင်း၏ ရုံးခန်းနှင့် အခန်းများမှအပ လူအများဝင်ထွက် သွားလာနိုင်သောနေရာများသည် ဆေးလိပ်သောက်ခွင့်မရှိသော နေရာများ ဖြစ်သည်။ အများပြည်သူဆိုင်ရာနေရာများတွင် ဆေးလိပ်မသောက်ရနေရာများ သတ်မှတ်ခြင်းသည် ဆေးလိပ်သောက်သုံးမှုကြောင့် လူမှုပတ်ဝန်းကျင်ကို မထိခိုက်စေရေး ဆောင်ရွက်နေကြခြင်းဖြစ်သဖြင့် ဆေးလိပ်ကို မဖြတ်နိုင်သေး၍ သောက်သုံးနေရသည်ဆိုပါက သတ်မှတ်နေရာများတွင်သာ သောက်သုံးကြရေး တိုက်တွန်းလိုသည်။

ကမ္ဘာပေါ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးသူ ၁ ဒသမ ၃ ဘီလီယံခန့်ရှိပြီး နှစ်စဉ် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုကြောင့် ဖြစ်ပေါ်လာရသည့် အစိုးရများ၏ အသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံခန့်ရှိပြီး ကမ္ဘာ့ဂျီဒီပီ၏ ၁ ဒသမ ၈ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရသည်။ ၂၀၁၈ ခုနှစ်မှ ဆောင်ရွက်ခဲ့သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို လေ့လာသည့် သုတေသနအရ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် နှစ်စဉ် လူဦးရေ ၆၄၀၀၀ ခန့် အသက်ဆုံးရှုံးနေရပြီး စီးပွားရေးအရ နှစ်စဉ် ဆုံးရှုံးမှုတန်ဖိုးသည် မြန်မာငွေကျပ် ၂ ဒသမ ၆ ထရီလီယံနှင့်ညီမျှသည်ဟု သိရသည်။

ဆေးလိပ်သောက်သူများတွင် မျိုးဆက်သစ်လူငယ်များပါ ပါဝင်နေပြီဖြစ်သဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်မည့် လူငယ်များသည် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်သဖြင့် အကျိုးမရှိသည့် သာမန်စိတ်ပျော်ရွှင်မှုအတွက်

**စာမျက်နှာ ၁၈ သို့** ❄

> **❛ဆေးလိပ်တွင်ပါဝင်သော နီကိုတင်းသည် နှလုံးသွေးကြောရောဂါများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကိုဖြစ်ပေါ်စေနိုင်ပြီး ကင်ဆာရောဂါအမျိုးအစား ၂၀ ကျော်ခန့်နှင့် အခြားသော ကျန်းမာရေးထိခိုက်မှုများကိုပါ ဖြစ်စေကာ နှစ်စဉ် လူဦးရေ ရှစ်သန်းခန့် အသက်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖော်ပြထားသည်။ ကိုယ်တိုင် ဆေးလိပ်သောက်သုံးခြင်းဖြင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ ရရှိနိုင်သကဲ့သို့ ဆေးလိပ်ငွေ့ကို ရှူရှိုက်မိသည့် မိမိပတ်ဝန်းကျင်ရှိသူများကိုပါ ထိခိုက်စေနိုင်သဖြင့် သတိပြုဆင်ခြင်❜**

# မွန်ပြည်နယ်အတွင်း လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနှိုးဆော်




မော်လမြိုင် မေ ၃၀

လေပြင်းဘေးနှင့် မိုးကြိုးဘေး အန္တရာယ်ဆိုင်ရာ ဆောင်ရန်/ရှောင်ရန် အချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံးမှ ဦးဆောင်၍ မော်လမြိုင်မြို့နယ် မရမ်းကုန်းရပ်ကွက်နှင့် မန္တလေးရပ်ကွက်တို့တွင် အသံချဲ့စက်ဖြင့် ကြေညာ စာစောင်များ ဖြန့်ဝေခြင်းတို့ကို နှိုးဆော်ခြင်းနှင့် လက်ကမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း မြို့နယ်ခုနစ်မြို့နယ်မှ ရပ်ကွက်/ကျေးရွာ ၁၂၀ တို့ရှိပြည်သူများအား လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်နှင့် ပတ်သက်၍ လိုက်လံနှိုးဆော်ခြင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို အကြိမ်(၆၀) ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

❐ **အာဆီယံ ယူ-၁၉ မှ**

အုပ်စု(ဂ)တွင် မလေးရှား၊ ထိုင်း၊ စင်ကာပူနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ ယင်းပြိုင်ပွဲကို ဇူလိုင် ၁၉ ရက်မှ ၂၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာရာမြို့၌ ပြုလုပ်မည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးသုံးသင်းနှင့် ဒုတိယနေရာရ သုံးသင်းအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၂၄ ခုနှစ်အတွင်း ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး စက်တင်ဘာလတွင် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က ကိုင်တွယ်နေပြီး လက်ရှိတွင် တရုတ် ယူ-၂၀ အသင်းနှင့် ခြေစမ်းပွဲကစားရန် တရုတ်နိုင်ငံသို့ ရောက်ရှိနေသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

❍ **ကျောဖုံးမှ**

YREO အသင်းမှ အေးအေးစိုး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ မိနစ် ၄၀ တွင် ရန်ကုန်ယူနိုက်တက်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ယွန်းဝတီလှိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ပွဲကိုထိန်းကစားသွားပြီး ၅၃ မိနစ်တွင် ဆွေမာအောင်က တတိယအနိုင်ဂိုး သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက လေးပွဲကစား ကိုးမှတ်၊ YREO အသင်းက လေးပွဲကစား သုံးမှတ် ရရှိထားသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက လက်ရှိချန်ပီယံ မြဝတီအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် မြဝတီကို ဂိုးပြတ်သွင်းယူကာ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၄၉ မိနစ်တွင် ယဉ်လွန်းအိမ်နှင့် ၇၅ မိနစ်၊ ၇၈ မိနစ်တွင် လင်းမြင့်မိုရ်တို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ငါးပွဲကစား ၁၁ မှတ်၊ မြဝတီအသင်းက ငါးပွဲကစား ခုနစ်မှတ် ရရှိထားသည်။

ပွဲစဉ်(၅)ဒုတိယနေ့အဖြစ် မေ ၃၁ ရက်တွင် YUSC ကွင်း၌ ရှေဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MWL**

❄ **စာမျက်နှာ ၁၇ မှ**

သောက်သုံးမိနေသည်ဆိုပါကလည်း အချိန်မလွန်မီက ရပ်တန့်လိုက်ဖို့ လိုအပ်နေပြီဖြစ်သည်။ နှစ်စဉ် မေလ ၃၁ ရက်နေ့ကို "ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့" အဖြစ်သတ်မှတ်၍ ကမ္ဘာ့နိုင်ငံများတွင် အထိမ်းအမှတ်အခမ်းအနားများကို ၁၉၈၉ ခုနှစ်မှစတင်၍ ကျင်းပဆောင်ရွက်နေကြပြီး မျိုးဆက်သစ်လူငယ်များကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှု မရှိစေရေးရည်ရွယ်၍ ကုလသမဂ္ဂက ယခုနှစ် မေလ ၃၁ ရက်နေ့တွင် ကျရောက်သည့် "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ် အခမ်းအနားအတွက် ဆောင်ပုဒ်ကို "Protecting children from tobacco industry interference" ဟု ချမှတ်ထားခြင်းဖြစ်သည်။ မိမိ၏ တစ်ကိုယ်ရေကျန်းမာရေးကိုထိခိုက်စေပြီး ကျင်လည်ရာလူမှုပတ်ဝန်းကျင်က လူအများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့်အပြင် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုပါ အဟန့်အတားဖြစ်စေသည့် စီးကရက်၊ အီးစီးကရက်တို့မှအစပြု၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းများ သောက်သုံးမှုကို လူငယ်များ သတိပြုဆင်ခြင်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။ ။

**ကိုးကား-**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဝက်ဘ်ဆိုက်၊
ကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်၊
နေ့စဉ်ထုတ်သတင်းစာများ။


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှင်းဆီရှုခင်း ဂျာနယ် ထွက်ရှိ



၁၅-၅-၂၀၂၄ ရက်နေ့ထုတ် အတွဲ (၂၁)၊ အမှတ် (၁၁) တွင်
- ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိရေး ဝိုင်းဝန်းကူညီ
- အဖီးများ အသီးထွားစေတဲ့ ငှက်ပျောပင်စိုက်ပျိုးနည်း
- သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း
- ရေရှည်အကျိုးစီးပွားဖြစ်ထွန်းနိုင်သည့် သရက်စိုက်ပျိုးရေး
- ရေချိုငါးမွေးမြူရေး၌ ဆားသုံးစွဲခြင်း၏ အကျိုးကျေးဇူးများ
- တိုင်းရင်းကြက်များမွေးမြူခြင်းနှင့် ရရှိလာမည့် အာဟာရဓာတ်များ
- ကလေးငယ် ဖြည့်စွက်စာစားဖို့ ငြင်းဆန်လာရင်
- ကျန်းမာရေးအတွက် စားသုံးသင့်သည့် ရေဓာတ်ပြည့် သစ်သီးဝလံများ စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

**HUA PHOME LEOPARD CO;LTD အမည်ပေါက်မော်တော်ယာဉ်ပိုင်ဆိုင်မှုစာအုပ်ထွက်ရှိထားသော HINO DUTRO XZU 304၊ ယာဉ်အမှတ်-1Q-7601၊ မီးခိုး/အဖြူရောင်မော်တော်ယာဉ်၊ MYANMAR SHWE KHIT CO;LTD အမည်ပေါက် မော်တော်ယာဉ်ပိုင်ဆိုင်မှုစာအုပ်ထွက်ရှိထားသော NISSAN ATALAS APR 85၊ ယာဉ်အမှတ်-7P-1636၊ အဖြူရောင်မော်တော်ယာဉ်၊ MYANMAR ORGANIC RESOURCES CO;LTD အမည်ပေါက်မော်တော်ယာဉ်ပိုင်ဆိုင်မှုစာအုပ်ထွက်ရှိထားသော HINO DUTRO BZU 300၊ ယာဉ်အမှတ်- 1R-/1869 မီးခိုး/အဖြူရောင် မော်တော်ယာဉ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါမော်တော်ယာဉ်(၃)စီးအား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဦးချမ်းမြေ့ထွန်း[၁၂/ဗဟန(နိုင်)၁၀၀၇၈၉]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်လွန် [၁၃/ကခန(နိုင်)၀၄၆၀၄၃]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မော်တော်ယာဉ် (၃)စီး၏ ပိုင်ဆိုင်ခွင့်အရပ်ရပ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၅)ရက်အတွင်း မော်တော်ယာဉ်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးကျော်လွန်[၁၃/ကခန(နိုင်)၀၄၆၀၄၃]**
**အမှတ်-၅၅ စီ၊ ရှင်စောပုလမ်း၊**
**အောင်ချမ်းသာရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလွင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၉၆၈၉**

## ဖခင်အမည်မှန်

လှိုင်မြို့နယ်၊ အထက(ခွဲ)၊ အ.လ.က(၄)မှ မဖြိုးပပအောင် Grade (11) နှင့် မမေဇင်ဖြိုး Grade(6)တို့၏ ဖခင်အမည်မှန်မှာ ဦးဖြိုးဇော်ဦး [၁၂/တကန (နိုင်) ၁၃၅၆၉၀] ဖြစ်ပါကြောင်း။

**ဦးဖြိုးဇော်ဦး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းထွန်းနိုင် [၁၂/မရက (နိုင်) ၀၀၁၅၀၂] Customs Broker Pink Card No. 511254 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-425328236**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

## သထုံခရိုင်တရားရုံးတော်

## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၉၆

ဒေါ်မြသိန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်လှသိန်း) } နှင့် {

၁။ ဦးမောင်ထွန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သိန်းမြင့်)
၂။ ဒေါ်စမ်းမြင့် ၃။ ဒေါ်မငယ်
၄။ ဦးမောင်သောင်း ၅။ ဦးမောင်လူအေး
၆။ မသူဇာအောင် ၇။ မောင်ကျော်သူအောင်
၈။ မနေဇာအောင် (၂ မှ ၈ ထိ ကွယ်လွန်သူ ဒေါ်မအုန်း၏ တရားဝင်ကိုယ်စားလှယ်များ)
၉။ ဒေါ်ဖွားပျို (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဖြူဖြူအိ)
၁၀။ ဦးကြည်လွင် ၁၁။ ဦးထွန်းအောင်
၁၂။ ဒေါ်မြင့်အေးစု ၁၃။ ဦးဝင်းကိုမျိုး
၁၄။ ဦးဇင်မျိုးထွန်း ၁၅။ ကိုတိုးတိုးကျော်
၁၆။ ဦးဟိန်းလင်းဦး (၁၃ မှ ၁၆ ထိ ကွယ်လွန်သူ ဦးကျော်ဆန်းနိုင်၏ တရားဝင်ကိုယ်စားလှယ်များ)

တရားလို တရားပြိုင်များ

**မွန်ပြည်နယ်၊ သထုံမြို့၊ ဒေးဗရိန်းကျေးရွာအုပ်စု၊ သရက်တောကျေးရွာနေ (၁၃)တရားပြိုင် ဦးဝင်းကိုမျိုး၊ (၁၄) တရားပြိုင် ဦးဇင်မျိုးထွန်း၊ (၁၆) တရားပြိုင် ဦးဟိန်းလင်းဦးတို့ (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။**

သင့်အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀) နာရီ**အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် (၁) **စာချုပ်စာတမ်းများ**နှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၂၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စူးစမ်း)**
**ခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

## "အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၄)၊ ဝဏ္ဏကျော်စွာ (၁) လမ်း၊ မြေကွက်အမှတ် (၁၀၁) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၄၀) ပေ × အနံ (၆၀) ပေ၊ မြေကွက်သည် ဦးဆွမ်ခိုထန်း အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးအနက်မှ (မြေကွက်အမှတ် - ၁၀၀ နှင့်ကပ်လျက်ဘက်အခြမ်း) အလျား×အနံ (၂၀ပေ×၆၀ပေ) ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် (အဆောက်အဦး) ရေ+မီး အပါအဝင် အိမ်ခြံမြေနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်တင်ဝေ (၁၂/မဂဒ(နိုင်)၀၅၀၁၃၇) မှ လက်ရှိပိုင်ဆိုင်ပြီးရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုလျှက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာမင်း (၁၂/ဗဟန(နိုင်)၀၈၉၄၂၇) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက (၇. ၆. ၂၀၂၄) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဝင့်ဝင့်ထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၆၉)
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၂၆၁၁၀၁၁၃၄

## ပတ်စ်ပို့ပျောက်

(ဘ) ဦးထွန်းအောင်၏သမီး မအေးအေးမာ [၁၂/ဥကတ(နိုင်) ၁၂၇၈၉၅]၏ နိုင်ငံကူးလက်မှတ် နံပါတ်မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၂၀၀၉၁၇၆၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၄-၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၇)GPဦးအောင်ခိုင်ညွှန့်၏အရောင်းမြေပုံကူးတွင် မြေအမည်ပေါက် -ဒေါ်မြမေအစား ဒေါ်ရီရီလှ ဟု အမှန်ဖတ်ရှုပါရန် ။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန** ယာယီ
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေ လ ၃၁ ရက်)**

၁။ ၂၀၂၄ ခုနှစ်၊ ဇွန် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၆၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဈ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၂၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ် သန်း ( **၃၈၆၅.၉၃၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၄) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၂၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၆၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၃၀-၅-၂၀၂၄) ရက်နေ့ (၂၃း၅၉း၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၆၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၆-၂၀၂၄) ရက်နေ့ (စနေနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၆၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ်- ၄၉၂ ဟုခေါ်တွင်သော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မေတ္တာညွန့်အိမ်ရာ၊ (၂)ခန်းတွဲ (၅)ထပ် စုပေါင်းပိုင်အဆောက်အအုံမှ (မြေညီထပ်) (ခေါင်းရင်းခန်း)၊ အခန်းအမှတ်(၀၀၁)၊ အကျယ်အဝန်း (၁၅ပေx ၅၅ပေ)အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဆက်စက်စာချုပ်မူရင်းများဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမြင့်သိန်း [၁၂/မဂတ(နိုင်)၀၆၄၀၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်မာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၀၈)**
**အမှတ်- ၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၆၄၆၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၂)လမ်း၊ ဒုတိယထပ် (ခြေရင်းခန်း)၊ အမှတ်(၂၃၄) ဟုခေါ်တွင်သော (၁၂½ x ၅၀)ပေရှိ တိုက်ခန်းအပါအဝင် ရေမီး အကျိုးခံစားခွင့်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်ခိုင်[၁၂/မရက(နိုင်)၁၂၅၂၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သိုက် [၉/တသန(နိုင်)၁၁၇၀၁၅]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်သူရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီတာကြိုင်** | **ဒေါ်ဖြိုးဝေကြိုင်** |
| **LL.B, D.B.L စဉ်-၁၂၇၆၂** | **LL.B, D.B.L, D.M.L, D.I.L (စဉ်-၁၀၁၇၈)** |

**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| **ဖုန်း- ၀၉-၇၉၇၅၄၉၄၁၂** | **ဖုန်း-၀၉-၂၆၀၀၁၀၇၅၅** |

**ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (သကတ-၁/တိုးချဲ့)၊ မြေကွက်အမှတ်(၂၇)၊ အလျား(၄၀')x အနံ(၆၀') အကျယ်အဝန်းရှိ မြေကွက်ထဲမှ မခွဲမစိတ်ရသေးသော မြေကွက်အားမျက်နှာမူသော် (ဘယ်)ဘက်၊ (၂၀'x၆၀')အကျယ်အဝန်းရှိ မြေကွက်အား မူလပါမစ်အမည်ပေါက် ဦးတင်လှ (DDE-၀၁၀၆၁၅)ထံမှ အရောင်းအဝယ်စာချုပ်အဆက်အစပ်ဖြင့် ဒေါ်ယုယုအေး[၈/ပခက(နိုင်)၃၅၈၂၄]မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အဆိုပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၃၂/၁၆)**
**အမှတ်(၉၇)၊ (ပ)ထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၀၄၃၃၇၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၆

**၁။ ဦးအောင်ပြေစိုး** **နှင့်** **ဒေါ်အေးအေးကြွယ်**
**၂။ ဒေါ်မေဖူးသော်တာ**

**(တရားလိုများ)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဦးကြင်ဥလမ်း၊ အမှတ်- ၉၂၆ နေ ဒေါ်အေးအေးကြွယ်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက **“ပဋိညာဉ်အတိုင်း မြေကွက်နှင့် နေအိမ်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၅ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၁၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ တိုက်(၄၅)၊ ၆ ထပ်တိုက်၏ ၆လွှာ၊ (ခြေရင်းခန်း)၊ အကျယ် (၁၅'x၆၀')ရှိ တိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်သူ [၁၂/ကခက(နိုင်)၀၆၂၁၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေထွန်းဇော် [၁၂/အလန(နိုင်)၀၄၁၅၆၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း- ၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၆။ နိုင်ငံ့ဝန်ထမ်းများသည် လျှောက်လွှာ(၂)စုံကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနသို့ ၁၀-၇-၂၀၂၄ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်သည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ ပညာအရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများကို စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၈။ စိစစ်ရေးမှူး-၂ ရာထူး (၁၀) နေရာအတွက် လျှောက်ထားသည့် စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်အရည်အချင်းနှင့် ကိုက်ညီသူများသည် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ၁၃-၇-၂၀၂၄ ရက် (စနေနေ့)တွင် ဖြေဆိုရမည်ဖြစ်ပြီး၊ ဖြေဆိုခွင့်ကတ်ပြား များကို ၁၁-၇-၂၀၂၄ ရက်နှင့် ၁၂-၇-၂၀၂၄ ရက်တို့တွင် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။ စိစစ်ရေးမှူး-၂ ရာထူး (၁၀)နေရာအတွက် ရေးဖြေစာမေးပွဲအောင်မြင်သူများကို ၂၀-၇-၂၀၂၄ ရက်နှင့် ၂၁-၇-၂၀၂၄ ရက်တို့တွင် လူတွေ့စစ်ဆေးခြင်း နှင့် ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရွေးချယ်ခြင်းခံရပါက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန (နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရမည်ကို သိရှိပါကြောင်းနှင့် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၁၀။ စိစစ်ရေးမှူး-၂ ရာထူး (၁၀)နေရာအတွက် ရေးဖြေစာမေးပွဲဘာသာရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
| --- | --- | --- |
| (က) | မြန်မာစာ | (၂)နာရီမေးခွန်း |
| (ခ) | အင်္ဂလိပ်စာ | (၂)နာရီမေးခွန်း |
| (ဂ) | အထွေထွေဗဟုသုတ | (၂)နာရီမေးခွန်း |

၁၁။ ယာဉ်မောင်း(၅) ရာထူး (၃) နေရာအတွက် လူတွေ့စစ်ဆေးခြင်းကို ၂၁-၇-၂၀၂၄ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အမှတ်စဉ် (က)နှင့် (ခ)တို့အတွက် စာမေးပွဲ ဖြေဆိုသည့်ရက်များ ပြောင်းလဲမှုရှိပါက ဤဝန်ကြီးဌာန Website https://www.mopf.gov.mm တွင် ထုတ်ပြန်ကြေညာခြင်း၊ ဖြေဆိုခွင့်ရရှိသူများထံ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၁၂။ စာမေးပွဲ အောင်မြင်ပြီးသူများ၏ အမည်စာရင်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန Website https://www.mopf. gov.mm တွင် ထုတ်ပြန်ကြေညာသွားပါမည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၃၄၀၆၀၆၆၊ ၀၆၇-၃၄၀၆၀၆၇ သို့ ဆက်သွယ် မေးမြန်းစုံစမ်း နိုင်ပါသည်။

**စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန**

---

## “အမျိုးသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၅၇၅)၊ (အလျား ၄၃ပေxအနံ ၆၀ပေ) အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၅၇၅) ဟု ခေါ်တွင်သော မြေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စိုးမြင့် (HGU ၀၀၆၀၃၉)အမည်ပေါက်ကြောင်း၊ ရောင်းသူ ဦးဝင်းမျိုးထက် [၁၂/မဂတ(နိုင်)၀၈၈၁၃၆]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခိုင်ခိုင်ချို [၁၂/သဃက(နိုင်)၀၂၀၈၀၆]မှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

---

## ပတ်စ်ပို့ပျောက်

ကျွန်မ မအောင်မွန်း[၁/မကန(နိုင်)၁၄၇၂၈၃] ၏ ပတ်စ်ပို့နံပါတ်(ME-745326) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၃၅၆၄၀၄**

---

## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ မန်ခိုန်ရပ်ကွက်၊ နယ်မြေ(၂)၊ အမှတ်(၂/၄၉)နေ ဦးလှဒင်[၁/မကတ(နိုင်)၀၄၄၀၁၄]၏ သား မောင်လနန် [၁/မကန(နိုင်)၂၉၈၇၆၁]၏ မွေးသက္ကရာဇ် အမှန်မှာ ၁၄-၈-၂၀၁၀ ဖြစ်ပါသည်။

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၃၇၁)၊ ရွှေပုဇွန်လမ်းဟုခေါ်တွင်သော အကျယ်အဝန်း(၄၀'x၆၀')ပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် မြေပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဦးကျော်ဌေး [၁၀/သဖရ(နိုင်)၀၁၈၅၃၅]ထံမှ အပြီးအပိုင်ဝယ်ယူနိုင်ရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ မူရင်းများတင်ပြပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး LL.B, DBL, DIL, DIR**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ (၄၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

---

## ဒေါ်မြင့်မြင့်စိုး[၁၂/သကတ(နိုင်)၀၀၈၂၈၄]နှင့် အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ တိုက်အမှတ်-၃၂၁(၄-အေ)နေ ဒေါ်သီတာစန်း[၁၂/သကတ(နိုင်)၀၃၂၈၆၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

လူကြီးမင်း ဒေါ်မြင့်မြင့်စိုးသည် (၂၂-၅-၂၀၂၄)ရက်နေ့တွင် တိုက်အမှတ်-၃၂၁၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေညီထပ်လှေကားခွင်တွင် အများသိစေရန် ကြေညာချက် (၃)ချက်ပါကို ဗွီနိုင်း (၁) စောင် စွဲကပ်ခဲ့ပါသည်။ ထိုစွဲကပ်ထားသော ဗွီနိုင်းတွင်ပါရှိသည့် ကြေညာချက် (၃)ခုအနက် ကြေညာချက် (၁) ခုတွင် “ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်-၃၂၁ (မြေညီထပ်- ခေါင်းရင်းခန်း၊ တတိယထပ်-ခေါင်းရင်းခန်း)တို့နှင့်ပတ်သက်သည့် ကြေးမုံသတင်းစာကြေညာချက်ကိုပါ ထည့်သွင်းထားသည်ကို တွေ့ရှိရပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(4-F)၊ မြေကွက်အမှတ်-(V-4)၊ အကျယ်အဝန်း(၀. ၀၄၁)ဧက အကျယ်အဝန်းရှိ ဒေါ်သိန်းရင် အမည်ပေါက် နှစ်(၉၀)ဂရန်မြေကွက်ပေါ်တွင် တိုက်အမှတ်- ၃၂၁၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟု ခေါ်တွင်သော (၂) ခန်းတွဲ (၆)ထပ်တိုက်ကို မြေအမည်ပေါက်ပိုင်ရှင် ဒေါ်သိန်းရင်က ပြည်မြန်မာဆောက်လုပ်ရေးနှင့် အခန်းပေးအခန်းယူစနစ်အရ ၂၀၁၁ ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ တိုက်အမှတ်-(၃၂၁) တည်ဆောက်နေဆဲကာလတွင်ပင် မူလအမည်ပေါက်ပိုင်ရှင် ဒေါ်သိန်းရင်ကိုယ်တိုင် ၎င်းပိုင်ဆိုင်ရပိုင်ခွင့်ရှိသော တိုက်အမှတ်-၃၂၁ (၄-လွှာ၊ ခေါင်းရင်းခန်း၊ ၄-အေ)၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုက်ခန်း (၁)ခန်းကို (၁၈-၁-၂၀၁၃) ရက်နေ့တွင် ဒေါ်သီတာစန်း [၁၂/သကတ(နိုင်)၀၃၂၈၆၁]ထံသို့ “တိုက်ခန်းကြိုတင် အရောင်းအဝယ်ကတိစာချုပ်”ဖြင့် ရောင်းချခဲ့ရာ ဒေါ်သီတာစန်းမှလည်း ဝယ်ယူပိုင်ဆိုင်၍ ယနေ့တိုင် လက်ဝယ်၊ လက်ရှိပိုင်ဆိုင်လျက်ရှိပြီး ရေ၊ မီး၊ မီတာများမှာလည်း ဒေါ်သီတာစန်း အမည်ပေါက်ဖြစ်ပါသည်။

ထို တိုက်အမှတ်-၃၂၁(၄-လွှာ၊ ခေါင်းရင်းခန်း၊ ၄-အေ)နှင့်ပတ်သက်၍လည်း ဒေါ်မြင့်မြင့်စိုး မှ (၂၇-၅-၂၀၁၅) ရက်နေ့တွင် မဟုတ်မမှန်ကြော်ငြာခဲ့သည့်အတွက် ဒေါ်သီတာစန်းမှ (၃-၆-၂၀၁၅)၊ (၃-၇-၂၀၁၅)၊ (၈-၁၂-၂၀၁၆) ရက်နေ့ အသီးသီးတို့တွင် ကြေးမုံသတင်းစာမှတစ်ဆင့် ဒေါ်မြင့်မြင့်စိုးနှင့် အများသိစေရန် ကြေညာချက် ထည့်သွင်းခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ ထည့်သွင်းကြေညာထားပါလျက် ဒေါ်မြင့်မြင့်စိုးမှ (၂၂-၅-၂၀၂၄)ရက်နေ့တွင် ထပ်မံ၍ ဒေါ်သီတာစန်း၏ ပိုင်ရေးပိုင်ခွင့်ကို ထိပါးကာ အထက်ပါအခန်းနှင့်ပတ်သက်သည့် ကြေညာချက်ကိုပါ ထည့်သွင်း၍ ဗွီနိုင်းကပ်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထက်ပါ ဗွီနိုင်းကြော်ငြာစာကို ဖြုတ်သိမ်းပေးပါရန် အသိပေးအပ်ပါသည်။

အကယ်၍ သတ်မှတ်သည့်နေ့ရက်တွင် လူကြီးမင်းမှ ထိုကြော်ငြာစာကို ဖြုတ်သိမ်းခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကုန်ကျစရိတ်အဝဝသည် လူကြီးမင်းတွင်သာ တာဝန်တင်ရှိမည် ဖြစ်ကြောင်း ဒေါ်မြင့်မြင့်စိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏လွှဲအပ်ညွှန်ကြားချက်နှင့်အညီဖြစ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
| --- | --- | --- |
| **ဒေါ်သန္တာစိုး** | **ဒေါ်စောယုဇာ** | **ဒေါ်အဥ္ဇာစိုးတင့်** |
| **(စဉ်-၈၄၂၅)** | **(စဉ်-၉၉၀၀)** | **(စဉ်-၄၆၆၄၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ဖုန်း-၀၉-၂၅၄၀၄၇၆၉၇၊ ၀၉-၂၅၂၈၆၈၂၃၈**

---

## “အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၁၅)နေ ဒေါ်မေသစ်လွင် (ဘ) ဦးလှတင် [၁၂/မရက(နိုင်)၀၆၁၁၈၄]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၄၃၂/၂၀၂၃) (၂၂-၉-၂၀၂၃)ရက်စွဲဖြင့် ဒေါ်မေသစ်လွင်မှ ဒေါ်နန်းရင်ဌေး(ဘ)ဦးသာအေးကြည် [၃/ကကရ(နိုင်)၀၆၉၀၆၆]သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယခုသတင်းစာ ကြော်ငြာပါသည့်နေ့ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းယုယုမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၂၁)**
**အမှတ်(၉၃)၊ ၎ဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၃၁၉၇၈**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ ၂ ရပ်ကွက်၊ စံပြ ၂ လမ်း၊ အမှတ်-၁၄၉၊ ၂ ခန်းတွဲ အာစီ ၅ ထပ် အဆောက်အဦ၏ ဒုတိယထပ်၊ ၃ လွှာ၊ ခြေရင်းခန်း (၁၂.၆ ပေx၅၀ ပေ) ခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဦးထက်ဝေဖြိုး [၁၄/ဟသတ(နိုင်)၂၉၆၉၄၄]ကိုင်ဆောင်သူနှင့် ဒေါ်ယမင်းဥမ္မာရီ[၇/ဖမန(နိုင်)၂၀၇၀၉၃]ကိုင်ဆောင်သူတို့က အဆိုပြု ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဖြိုးမင်းသန့် [၁၄/မအန(နိုင်)၂၄၂၇၂၉] ကိုင်ဆောင်သူ နှင့် ဒေါ်ဝင်းလဲ့ရွှေရည်[၁၂/တမန(နိုင်)၁၁၈၃၃၁] ကိုင်ဆောင်သူတို့က လက်ရောက် အပြီးအပိုင်ဝယ်ယူရန် သဘောတူ လက်ခံ၍ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဖြိုးမင်းသန့် နှင့် ဒေါ်ဝင်းလဲ့ရွှေရည် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို[B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊**
**(၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

---

## ပျောက်ဆုံးကြောင်း

(ဘ)ဦးရွှေရီ၏သား မောင်သက်မောင် [၁၂/ဒလန(နိုင်)၀၇၅၉၀၇]၏ သင်္ဘောသားစာရွက်စာတမ်းများ(CDC-99050,Passport-ME 615025 and ALL in one book)အားလုံးသည် ခရီးသွားလာရင်းမေ့ကျန်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

**Ph:09-958396082**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သဃ်ၤန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၉

မဆုမြတ်ဝေ နှင့် ဒေါ်အေးမြိုင်
(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်တင်တင်လှိုင်)
**(တရားလို)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်ဖြူလမ်း၊ အမှတ်(၃/၉၅)နေ တရားပြိုင် ဒေါ်အေးမြိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုက “အရောင်းအဝယ်စာချုပ်မှတ်ပုံတင် ပေးစေလိုမှု”ကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်) မွန်းမတည့်မီ နံနက် (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ (၂၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးကြည်မောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**သဃ်ၤန်းကျွန်းခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသီဟ**

**အငြိမ်းစားပါမောက္ခ၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် အလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့**

**အသက်(၈၂)နှစ်**

ဆရာကြီး ဦးသီဟ အသက် (၈၂)နှစ်သည် ၃၀-၅-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၁၁:၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဒေါက်တာဇော်မြင့်၊ ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနနှင့် အင်္ဂလိပ်စာမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးစန်းလှ(ငြိမ်း) တေဇ(၁)၊ ကြည်း-၁၂၈၉၉**

**အသက်(၇၂)နှစ်**

တေဇ(၁)မှ သူငယ်ချင်း ဗိုလ်ကြီးစန်းလှ(ငြိမ်း)သည် ၂၉-၅-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁) သူငယ်ချင်းများနှင့် မိသားစုများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဇ္ဇုဂန်တောင်ရပ်ကွက်၊ ဝေဇ္ဇုဂန်လမ်း၊ အမှတ်(၁၄/စီ) ဟုခေါ်တွင်သည့် မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ၊ (၈၃)ထပ်၊ (Lift)ပါအဆောက်အဦ၏ တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း၊ သတ္တမထပ်(ဇလွှာ)၊ (အလျား ၂၅ပေx အနံ ၅၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူ (၁) ဦးမျိုးမင်းထွန်း [၁၁/တကန(နိုင်)၀၆၃၅၅၁]နှင့် (၂) ဒေါ်ခိုင်ဆုဆုလင်း [၉/ပဥလ(နိုင်)၀၁၇၉၁၅]တို့မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်မင်း [၁၂/ဗဟန(နိုင်)၀၉၄၃၆၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph: 09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09-420080932, 09-983837110** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးလမ်း၊ အမှတ်-၁၇၅ နေ ဒေါ်လှလှမြင့် [၁၂/ကမတ(နိုင်)၀၂၆၅၈၈]/ ( AA-၀၇၂၈၆၆) အမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထား အကျိုးခံစားလျက်ရှိနေသော အောက်စာရင်းပါမြေကွက်ကို ဒေါ်လှလှမြင့်နှင့် ကျွန်ုပ်တို့၏မိတ်ဆွေအကြား အရောင်းအဝယ်ပြုလုပ်ကြရန် သဘောတူကြသဖြင့် ယင်းမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့် အရေးဆိုလိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသော အထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**အရောင်းအဝယ်ပြုလုပ်မည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ကြည့်မြင်တိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၅ $E^2$၊ မြေကွက်အမှတ်- ၂၆ H၊ ဧရိယာ (၀.၀၂၇)ဧက၊ ဂရန်ရှိ မြေပိုင်မြေနှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အကျုံးဝင်လျက်။

[မြေကွက်တည်နေရာလိပ်စာမှာ- အမှတ်(၁၇၅)၊ ဈေးကလေးလမ်း၊ (ယခင်- ထီးတန်းလမ်း)၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။]

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးဟန်** | **ဒေါ်တင်တင်ဌေး** | **ဒေါ်လှိုင်ဖြိုးသီ** |
| **(စဉ်-၁၇၅၁)** | **(စဉ်-၈၂၉၅)** | **(စဉ်-၁၆၈၄၉)** |

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်- ၁၉၆၊ ပထမထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၄၅၇၄၉၉၈၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၃/ကံဘဲ့၊ မြေကွက်အမှတ်- ၃၂/ခ၊ ဧရိယာ (၀.၅၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်- ၄၄၈၊ မြန်န္ဒာလမ်း၊ ၁၃/ရပ်ကွက်၊ ရန်ကင်းမြို့နယ် (မောင်ဆွဲအံ) အမည်ပေါက် B မြေအား အမည်ပေါက် မောင်ဆွဲအံ မြေကွက်အား ဦးဆွဲအံ၊ ဦးဝင်းကြိုင် တို့အပေါ် တရားပြိုင်ထားကာ ဒေါ်မာမာ(ခ)မြသူဇာ တရားလိုပြုလုပ်၍ ရန်ကင်းမြို့နယ်တရားရုံး ၂၀၂၃-ခုနှစ် တရားမကြီးမှုအမှတ်- ၆ ဖြင့် မြေကွက်ဧရိယာ (၀.၅၅၅)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ဧရိယာ (၀.၀၃၇)ဧက (၁၆၃၂ စတုရန်းပေ)ရှိ မြေနှင့် မြေပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင် ပေးစေလိုမှုဖြင့် တရားစွဲဆိုထားခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၈-၂-၂၀၂၄)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် ယင်းတရားရုံး၏ ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၃ နေ့စဉ်မှတ်တမ်း၊ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်ခင်ယဉ်ယဉ်စိုးမှ တရားရုံးအမိန့်များ၊ (၂၈-၃-၂၀၂၄) ဘီလစ်ခန့်စာတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်း အား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ခရစ်တော်၌ အိပ်ပျော်ခြင်း

**ဦးသီဟ**

**အငြိမ်းစား ပါမောက္ခ အင်္ဂလိပ်စာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ် အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ကြီးကြပ်ဦးဆောင်သူ ပြင်ပ ပညာရှင်၊ မြန်မာစာအဖွဲ့၊ အင်္ဂလိပ်-မြန်မာအဘိဓာန်တည်းဖြတ်ရေးစီမံကိန်းလုပ်ငန်းအဖွဲ့**

**အသက်(၈၂)နှစ်**

အမှတ် (၅၃၅/ဘီ)၊ ချမ်းမြေ့သီတာလမ်း၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်နေ (ဦး R ဘတေ-ဒေါ်ရွှေပွင့်)တို့၏သား၊ (ဒေါ်ချိုချိုထက်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစောထူးဘော- (ဒေါက်တာဒေါ်အက်စတာတင်ထက်)၊ ဒေါက်တာဦးထက်ကြူ-ဒေါ်အေးအေးထက်ဆွေ၊ ဦးစုဇူကီး- ဒေါ်ခင်ဌေးကြူ၊ ဒေါက်တာဦးသက်ကြူ-ဒေါ်ဂျမီးမ၊ သူရဦးအောင်မျိုးမြင့်-ဒေါ်သီတာကြူ၊ ဒေါ်နီလာကြူတို့၏ ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်တို့၏ အဘိုး၊ မြစ် ခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၀-၅-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၁၁:၂၅ နာရီတွင် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၆-၂၀၂၄ (စနေနေ့)နံနက် ၁၀ နာရီ တွင် ကျေ့ကြီးခရစ်ယာန်သုသာန်၌ ဝတ်ပြုစည်းဝေးပြုလုပ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း သက်ဆိုင်ရာမိသားစုဝင်များနှင့်အတူ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ဖခင် ဘိုးဘိုးကြီးအား အောက်မေ့ဘွယ်ရာ ဝတ်ပြုစည်းဝေးကို ၂-၆-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၇:၃၀ နာရီတွင် အထက်ဖော်ပြပါ နေပြည်တော်နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသီဟ**

**အငြိမ်းစား ပါမောက္ခ အင်္ဂလိပ်စာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ် အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ကြီးကြပ်ဦးဆောင်သူပြင်ပ ပညာရှင်၊ မြန်မာစာအဖွဲ့၊ အင်္ဂလိပ်-မြန်မာအဘိဓာန်တည်းဖြတ်ရေးစီမံကိန်းလုပ်ငန်းအဖွဲ့**

**အသက်(၈၂)နှစ်**

အမှတ် ၅၃၅(ဘီ)၊ ချမ်းမြေ့သီတာလမ်း၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်နေ သူရဦးအောင်မျိုးမြင့်၊ မြန်မာ့မီးရထား၊ ဦးဆောင်ညွှန်ကြားရေးမှူး-ဒေါ်သီတာကြူတို့၏ ချစ်လှစွာသောဖခင်သည် ၃၀-၅-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၁၁:၂၅ နာရီတွင် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုဝင်များနှင့်အတူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**မြန်မာ့မီးရထားဝန်ထမ်းများ**

## ဦးအုန်းကြည် (ခ) ဦးကြည်

**(၁၅ - လမ်း၊ ဦးကြည်လက်ဖက်ရည်ဆိုင်)**

**အသက် (၈၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အိမ်အမှတ် (၇၅)နေ ဒေါ်သန်းညွန့်(ခ)ဒေါ်ညွန့်၏ ခင်ပွန်း၊ ဦးမောင်အေး-ဒေါ်ဘွဲ့ဘွဲ့တို့၏ ဖခင်၊ ဒေါ်တင်တင်ညို(ခ)မချို၊ ဦးဝင်းရွှေ-ဒေါ်ခင်စန်းမြင့်တို့၏ ဦးလေးသည် ၃၀-၅-၂၀၂၄ ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၄ (စနေနေ့) နံနက် ၁၁:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ပြီး မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ တိုက်အမှတ် (၂၃၁၂/ခ) တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော ဒေါ်ဝသုန်ဖြိုး [၁၄/ပသန(နိုင်)၂၀၇၇၃၈]ထံမှ ကျွန်ုပ် ဒေါ်အိအိချို [၉/ကပတ(နိုင်)၁၄၀၈၈၈]က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာပါသည့်နေ့မှ (ခုနစ်ရက်)အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ပြီး ခိုင်လုံသောစာရွက်စာတမ်းမူရင်းများ ယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိချို**

**အမှတ် (၃၀၁)၊ တိုက် (၄၅)၊ အင်းဝအိမ်ရာ၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၅၇၅၁၈၃၁**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၂၁-ရပ်ကွက်၊ အောင်ဘောဂလမ်း၊ အမှတ်(၄၀၄)ဖြစ်သည့် အကျယ် (အလျား ၂၀'x အနံ ၆၀')ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါ အဝင် ယင်းမြေ၊ အိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သည့် ဒေါ်ကေသီရွှေ [၉/မထရ(နိုင်)၀၀၀၇၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးဘေဘီအေး [၁၂/ဥကမ(နိုင်)၂၁၇၄၀၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ မူရင်းပိုင်ဆိုင်မှုများနှင့်တကွ လာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက် ခြင်းမရှိပါက အပြီးသတ်အရောင်းအဝယ် ဆက်လက်ချုပ်ဆိုဆောင်ရွက်မည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်မြင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၁၀၄၄)**
**အမှတ်(၈၃)၊ အခန်း(၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-420010884, 09-756513275**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသီဟ**

**အသက် (၈၂) နှစ်**

သူငယ်ချင်း သူရဦးအောင်မျိုးမြင့်-ဒေါ်သီတာကြူတို့၏ ဖခင် ဦးသီဟသည် ၃၀-၅-၂၀၂၄(ကြာသပတေးနေ့) နံနက် ၁၁:၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

**တေဇ (၁၃)မှ သူငယ်ချင်းမိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူး သန်းဝင်းထွဋ်(ငြိမ်း)

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၅၆၃/ခ)၊ ရွှေနှင်းဆီလမ်းသွယ်(၅)၊ မရမ်းကုန်းမြို့နယ်နေ (ဦးမောင်ကံ-ဒေါ်လေးစိန်)တို့၏သား၊ ဒေါ်စုစုတင့်၏ခင်ပွန်း၊ မောင်ဇော်ဝင်း-မနေနွယ်ဝင်းကြည်၊ (မောင်သန့်ဇော်)၊ မောင်မိုးဇော်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၃၀-၅-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၀၀:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ဇင်မေထွန်း

**ရုံးအုပ်၊ စီမံရေးရာဌာန(စည်/ပင်)(ငြိမ်း)**

**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၁၃) ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၀၈)နေ (ဦးထွန်းနီ-ဒေါ်ထားကြည်) တို့၏သမီး၊ ဒေါ်မေနီထွန်း၊ ဦးအောင်ဝင်းထွန်း၊ ဒေါ်ရှယ်လီထွန်းတို့၏ ညီမ၊ (ဆရာလေး ဒေါ်သာမညစာရီ)၊ ဦးကျော်လွင်ထွန်း၊ ဒေါ်ထားကျော့ထွန်းတို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်၊ မြေး သုံးယောက်တို့၏ အဒေါ်/အဘွားသည် ၃၀-၅-၂၀၂၄ (ကြာသပတေးနေ့)နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား ညှိုးငယ်သောစိတ်ထား ဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၄-အိုင်-၁၊ မြေကွက်အမှတ်- ၆၃ ဘီ၊ ၀.၀၇၃ ဧက၊ မြေကွက်တည်နေရာအမှတ် (၆၃)၊ ပုလဲရတနာလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ မေတ္တာညွန့် ရပ်ကွက်၊ တာမွေမြို့နယ်၊ ဦးစန်း မင်းနိုင် [၁၀/မလမ(နိုင်)၂၀၆၁၅၁] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးစန်းမင်းနိုင် [၁၀/ မလမ(နိုင်)၂၀၆၁၅၁]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ဘဏ်ချေးရန် မြေပုံကူး လျှောက်ထားခဲ့ရာ ၁၂-၁-၂၀၂၃ ရက်စွဲပါ ဦးစန်းမင်းနိုင်မှ ဘဏ်ချေး မြေပုံကူးယူထားခြင်းနှင့်ပတ်သက်၍ ဘဏ်ချေးမြေပုံမူရင်းမှာ မည်သည့် ဘဏ်တွင်မျှ အာမခံပစ္စည်းအဖြစ် ထားရှိကာ ဘဏ်ငွေချေးယူခဲ့ရခြင်း လုံးဝမရှိဘဲ အထားအသိုမှားယွင်း ကာ ပျောက်ဆုံးသွားသည်မှာ မှန်ကန် ပါကြောင်း၊ ယင်းမြေကွက်အား အခြား မည်သူတစ်ဦးတစ်ယောက် ကိုမျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လျှုဒါန်း၊ အာမခံ အဖြစ် တင်သွင်းထားခြင်းတို့ လုံးဝ မရှိပါကြောင်းနှင့် အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက် လာပါက တာဝန်ယူဖြေရှင်းပေးမည် ဖြစ်ကြောင်း ၁၆-၅-၂၀၂၄ ရက်စွဲပါ ကျမ်းကျိန်လွှာနှင့်အတူ ဦးစန်း မင်းနိုင်မှ ဘဏ်ချေးရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## Capt. ဟိန်းထွဋ်မှုကျော်

**ရေကြောင်းသိပ္ပံအမှတ်စဉ်(၂၄)**

**(Cambell Shipping)**

**အသက်(၄၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးခင်မောင်သန်း-ဒေါ်စန်းစန်းဌေး (ထ-၁၊ သန်လျင်-ငြိမ်း)၏ တစ်ဦးတည်းသောသား၊ ဦးတင်အေးထွန်း-ဒေါ်တင်ဝင်းကြည်(ခ)ဒေါ်မူမူ (မြန်မာ့မီးရထား-ငြိမ်း)၏ သားသမက်၊ ဒေါ်ဝေဝေမြင့် (ပညာရေး-ငြိမ်း)၏ တူ၊ ဦးသန့်ဇင်ထွန်း၏ ယောက်ဖ၊ မမေဖြူရှင်းသန့် (G-7, Lumibini Academy)၊ မောင်အောင်ကောင်းမြတ် (G-5, Lumibini Academy)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဦးညိုကွန်ဒို၊ အမှတ်(32/B)နေ ဒေါ်သူဇာထွန်း (အထပြ-ငြိမ်း၊ ထ-၄၊ ဗိုလ်တထောင်)၏ ချစ်လှစွာသောခင်ပွန်း Capt.ဟိန်းထွဋ်မှုကျော် အသက်(၄၇)နှစ်သည် ၂၉-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့) ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၄ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသောပင့်သံဃာတော်အရှင်သူမြတ်တို့အားပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည် ဖြစ်ပါ၍ ၄-၆-၂၀၂၄ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာစမ်းပပကျော်**

**မြို့နယ်ပညာရေးမှူး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

**အသက် (၅၆)နှစ်**

မန္တလေးမြို့၊ ကန်သာယာရပ်ကွက်နေ ဦးကျော် -ဒေါ်ကြည်တို့၏ သမီးကြီး၊ ဦးချစ်ထူး- ဒေါ်ရီရီအေး (မိုးသောက်ပန်းကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ သမီးချွေးမ၊ (ဦးမျိုးသန့်)၏ ချစ်လှစွာသောဇနီး၊ မောင်ကောင်းထက်စံ၊ မောင်ရဲရင့်ထူးစံတို့၏ မွေးသမိခင် ဒေါက်တာ စမ်းပပကျော် (မြို့နယ်ပညာရေးမှူး)သည် ၃၀-၅-၂၀၂၄ ရက် နံနက် ၄ နာရီတွင် ဘဝတစ်ပါး သို့ ကူးပြောင်းကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။

**အစ်ကို၊ အစ်မ၊ မောင်၊ ညီမများ**

| | |
|---|---|
| **ဒေါက်တာထွန်းသန်းဦး-ဒေါ်ဝုန်နိုး** | **ဦးစိန်လင်း-ဒေါ်ခင်ချိုလတ်၊** |
| **ဦးသက်ခိုင် -ဒေါ်သိင်္ဂီယု** | **ဒေါက်တာကိုကို-ဒေါက်တာခင်သူဇာထူး** |
| | **ဦးညီညီ - ဒေါက်တာခင်ဖြူပြာထူး** |

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်ပေါများခြင်းပင်ဖြစ်...**

❖ **ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ကြိုးပမ်းလျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပြုလုပ်သော (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး ပြည်တွင်းတွင်ပုံမှန်ဖြန့်ဖြူးပေးနေ

## စက်သုံးဆီအရောင်းဆိုင်များသို့ ရှောင်တခင်ဝင်ရောက်ပြီး သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နေမှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၀**

ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများသည် ကြိုတင်စီမံထားသည့်အတိုင်း ပုံမှန်အဆက်မပြတ် ဝင်ရောက်လျက်ရှိပြီး Terminal အသီးသီးသို့ ချယူဖြည့်တင်းလျက်ရှိကြောင်း၊ ဆက်လက်၍လည်း ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း၊ အရန်စက်သုံးဆီများလည်း ပါဝင်ကြောင်းနှင့် ပြည်တွင်းစက်သုံးဆီသုံးစွဲမှုအတွက် ဖူလုံမှုရှိကြောင်း သိရသည်။

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းနှင့် ပေါင်းစပ်ညှိနှိုင်း၍ တစ်နိုင်ငံလုံးရှိ စက်မှုဇုန်စက်ရုံအလုပ်ရုံများအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယ်ယူပို့ဆောင်ရေး စသည့် အခြားကဏ္ဍအသီးသီးသို့လည်း လိုအပ်ချက်နှင့်အညီ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ရောင်းဈေးနှုန်းကိုလည်း ထိန်းသိမ်းကြပ်မတ်လျက်ရှိသဖြင့် တည်ငြိမ်လျက်ရှိပြီး အများပြည်သူအနေဖြင့် အလွယ်တကူအဆင်ပြေ ချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်လျက်ရှိကြောင်း သိရသည်။

စက်သုံးဆီအရောင်းဆိုင်များသို့ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချခြင်း ရှိ/မရှိ၊ သတ်မှတ်အရည်အသွေးနှင့်အခြင်အတွယ် ကိုက်ညီမှန်ကန်မှု ရှိ/မရှိနှင့် ထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို ရှောင်တခင် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်နှင့် အား/ကာသိပ္ပံ ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မေ ၂၀**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)ပထမနေ့ကို မေ ၂၀ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

**တတိယမြောက် နိုင်ပွဲရ**

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက YREO အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုရာသီတွင် ခြေစွမ်းပြနေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် YREO အသင်းကို ဂိုးပြတ်အနိုင်ယူကာ တတိယမြောက် နိုင်ပွဲရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းကို ဝါရင့်တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ဦးဆောင်လာပြီး လူငယ်လက်ရွေးစင်ကစားသမားများဖြင့် ပွဲထွက်လာသလို YREO အသင်းကလည်း အမာခံကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသော်လည်း မိနစ် ၃၀ မှ ဂိုးစတင်ရရှိခဲ့ပြီး

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍



ရန်ကုန်ယူနိုက်တက်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု(ခ)တွင် ကျရောက်

**ရန်ကုန် မေ ၂၀**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၄ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို မေ ၂၀ ရက်ကပြုလုပ်ခဲ့ရာ မြန်မာအသင်းသည် အုပ်စု (ခ)တွင် ကျရောက်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် အာဆီယံဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင် ၁၂ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် လာအို၊ ဗီယက်နမ်၊ ဩစတြေးလျတို့နှင့် ကျရောက်နေသည်။ အုပ်စု(က)တွင် အင်ဒိုနီးရှား၊ တီမော၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❒



မြန်မာအသင်း ကစားသမားများ လေ့ကျင့်နေစဉ်။

**ယနေ့ ဖတ်စရာ**


**ရွှေကောက်ရိုး** ဆောင်းပါး စာမျက်နှာ » ၈

**အနာဂတ်အတွက် ဆေးလိပ်ဖြတ်ကြပါစို့** ဆောင်းပါး စာမျက်နှာ » ၁၇

**တနင်္သာရီမြို့နယ် သိန္ဓောကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် နေအိမ်များထိခိုက်ပျက်စီးသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ** စာမျက်နှာ » ၁၄